ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (16-5-2011) (၆၇၆၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်လမ်း၌ ဒုဋ္ဌဝတီတံတား တည်ဆောက် အရှည်ပေ ၄၈၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိမည်



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဖြူ) တည်ဆောက်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမှတစ်ဆင့် ကျောက်ဆည်-တံတားဦးလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မိုင်တိုင်အမှတ်(၇/၅)၌ ကတ္တရာလမ်းအား စမ်းမြစ်ရေတိုက်စားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့မှ ကျောက်ဆည် - ရဲရွာ-ပြင်ဦးလွင်-မိုးကုတ်ကားလမ်း (ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်းအပိုင်း)လမ်းတစ်လျှောက် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းနှင့် ကျောက်စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင် ကားလမ်းကို အပိုင်းလိုက်ခွဲ၍ ခရိုင်နှစ်ဖွဲ့၊ ကုမ္ပဏီ ကိုးဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ဖြင့် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းနှင့် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာကားလမ်းအပိုင်း မိုင်တိုင်အမှတ်(၁၇/၄)ရှိ တောင်ကြောကို အတက်အဆင်းပြေပြစ်ရန် ကွေ့ခြောက်ကွေ့ကို စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၁၇/၅)နှင့် (၁၇/၆)အကြား၌ တောင်ပေါ်မှ **စာမျက်နှာ ၇ ကော်လံ ၃ သို့**

ယနေ့ ကြေးမုံ သတင်းအညွှန်း

ကျား၊ မ အခွင့်အရေး တန်းတူညီမျှမှုရရှိရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ဆွေးနွေး

(သတင်း) စာမျက်နှာ - ၂

မိုးဦးကာလ လျှပ်စစ်အန္တရာယ် မဖြစ်ပွားရေးနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းရေး ဓာတ်အားလိုင်း ကြံ့ခိုင်ရေးဆောင်ရွက်

(သတင်း) စာမျက်နှာ - ၃

မြေအောက်ရေဖြင့် ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်၍ ပျော်ဘွယ်-ဘုရားငါးဆူဒေသ၌ သီးနှံစုံ အထွက်နှုန်း တိုးတက်ထွက်ရှိ

(သတင်း) စာမျက်နှာ - ၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၁ ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ရတနာပုံနှင့် အစ်တီလိုလ်တို့ နှစ်ပွဲဆက် အနိုင်ရပြီး နောက်တစ်ဆင့်တက်

(သတင်း) စာမျက်နှာ - ၁၀

ကျောက်ပန်းတောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အိုင်လျှား(မြောက်)ရေလှောင်တမံ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆည်နှင့် ရေလှောင်တမံငါးခုမှ စိုက်ပျိုးရေ ဖူလုံစွာရရှိနေပြီး ကျေးရွာပေါင်း ၃၃၉ ရွာ ရှိသည့်အနက် ပုပ္ပားတောင်မကြီး စိမ့်စမ်းရေအသုံးပြုသည့်ကျေးရွာ၂၇ ရွာမှအပ ကျန်ကျေးရွာ ၃၁၂ ရွာတွင် စက်ရေတွင်း(တွင်းနက်၊ တွင်းတိမ်)များ တူးဖော်ပေးထားပြီး သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ပေးထားပြီးဖြစ်သည်။

ယခုအခါ ကျောက်ပန်းတောင်းမြို့နယ် အိုင်လျှား(မြောက်)ကျေးရွာတွင် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ အလုံအလောက်ရရှိရေးအတွက် အိုင်လျှား(မြောက်)ရေလှောင်တမံကို တည်ဆောက်ခဲ့သည်။ အိုင်လျှား(မြောက်) ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး အိုင်လျှား(မြောက်)ရေလှောင်တမံ **စာမျက်နှာ ၇ ကော်လံ ၁ သို့**

သတင်း မှတ်စု နှင့် ဓာတ်ပုံ — ခင်သန်း

အိုင် လျှား (မြောက်) ရေလှောင်တမံကို တွေ့ရစဉ်။

၁၆-၅-၂၀၁၁
(တနင်္လာနေ့)

သစ်တောသယံဇာတ ပျက်စီးပြုန်းတီးမှုမှ ကာကွယ်

သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ သစ်တောသစ်ပင် ထူထပ်ရာ သဘာဝပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။ လူသားတို့ စားသောက်နေထိုင်ရေးတွင် အသုံးဝင်သည့်ပစ္စည်းများကို ဖြည့်စွမ်းပေးလျက်ရှိသည်။

သစ်ပင်၊ ဝါးပင်၊ သစ်တောများပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပျက်ယွင်းမှုများ ဖြစ်ပေါ်လာလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအများအပြားတွင် သစ်တော၊ သစ်ပင်နှင့် သဘာဝသယံဇာတများ ပျက်စီးပြုန်းတီးမှုများကို အလေးထားကာကွယ် ထိန်းသိမ်းနေကြပြီဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနတို့ ပူးပေါင်းစီစဉ်၍ သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ်၌ မေ ၁၂ ရက်က ကျင်းပခဲ့သည်။ သစ်တောသစ်ပင် ထိန်းသိမ်းရေး၊ လေထုနှင့် ရေထုညစ်ညမ်းမှုလျှော့ချရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်သွားရေး ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် အစဉ်အလာများ ရှေးကာလများစွာကပင် ရှိခဲ့သည်။ နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားသည်။ ဝန်ကြီးဌာန ၁၉ ခုတို့မှ အဖွဲ့ဝင်များ ပါဝင်ဖွဲ့စည်းထားပြီး သဘာဝသယံဇာတပစ္စည်းများ စနစ်တကျထုတ်ယူသုံးစွဲခြင်း၊ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ခြင်းများဖြင့် ထိန်းသိမ်းသွားမည်ဖြစ်သည်။

သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ အမှိုက်သရိုက်၊ အဆိပ်အတောက်ဖြစ်စေသည့်ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့သည် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတို့ ဖြစ်ပေါ်စေသည်။ အလေးထား ကြပ်မတ်ဆောင်ရွက်သင့်ပေသည်။ တစ်ဖက်ကလည်း သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဒေသအလိုက် ရေဝေရေလဲသစ်တောများ၊ သဘာဝနယ်မြေများ၊ ကျွန်းအထူးစိုက်ခင်းများ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ထူထောင်လုပ်ဆောင်သွားကြရပေမည်။

သဘာဝသယံဇာတများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းတို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည်။ လေထု၊ရေထုညစ်ညမ်းမှုလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ပြည်သူများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးမြင့်(ငြိမ်း)နှင့် ဝန်ထမ်းမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အေးဘယ်လ်(ငြိမ်း) လက်ခံယူစဉ်။

(ကြေးမုံ)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား စင်ကာပူသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၅

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် မေ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးမှုဆိုင်ရာ သင်တန်းကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr.Mohamed S. Abdel- Ahad နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး၊ ကျား၊ မ အခွင့်အရေး တန်းတူညီမျှမှုရရှိရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့အတူ The Leprosy Mission International (Myanmar) TLMI (Myanmar) မှ ဌာနေကိုယ်စားလှယ် ဒေါက်တာဇော်မိုးအောင်နှင့် မသန်စွမ်းအကြံပေးပုဂ္ဂိုလ် Dr. Michael Paul Griffiths နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံ၍ မသန်စွမ်းသူများနှင့် မသန်စွမ်းမှုကိစ္စရပ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong **လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

တီရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲ ဒိုက်ဦးမြို့၌ ကျင်းပ

ဒိုက်ဦး မေ ၁၅

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** ပဲခူးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်တင်ဝေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါထိန်းချုပ်ရေးဌာနစုမှ သုတေသနအရာရှိ ဒေါက်တာဒေါ်ခင်ဌေးတို့က ဝက်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး ဟောပြောကြကြောင်း သိရသည်။ (ကြေးမုံ)

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၀) ထွက်ရှိ

ရန်ကုန် မေ ၁၅

ကဆုန်လ ပြီးသရာသီ အခါသမယတွင် စံကားပန်းရနံ့များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၈) အမှတ်(၁၀) အား မေ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးဆောင်းပါးများ၊ မွေးမြူရေးဆောင်းပါးများ၊ ကျန်းမာရေးဆောင်းပါးများ၊ အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်တွေ ပိုမိုပျော်ရွှင်နိုင်ပါစေဆိုတဲ့ သရုပ်ဆောင်သက်မွန်မြင့်နှင့် တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ နွေးထွေးတဲ့မိရင်ခွင် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ကြံစိုက်တောင်သူများ၏ စိုက်ပျိုးလိုမှုတိုးတက်လာစေရေး ဆောင်ရွက်

နေပြည်တော် မေ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၁၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးစုပေါင်းလယ်ယာ(Integrated Farm)အနီးရှိ ကြံတောင်သူပညာပေး တစ်ဧက တန် ၅၀ အထက် စိုက်ကွင်း၌ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သကြားစက်ရုံမှူးနှင့် အရာထမ်းများအား တွေ့ဆုံ၍ သကြားစက်ရုံများအတွက် ကုန်ကြမ်းသီးနှံအလုံအလောက်ရရှိရန်၊ ကြံစိုက်တောင်သူများ၏ စိုက်ပျိုးလိုမှု တိုးတက်လာစေရေးအတွက် အခြားသောသီးနှံများ၏ ဝင်ငွေနှင့် နှိုင်းယှဉ်ပြီး ကြံသီးနှံ၏ တန်ဖိုးကို မြင့်တင်ပေးရေး ဆောင်ရွက်ရန်တို့မှာ ဦးစားပေးလုပ်ငန်းများဖြစ်ကြောင်း မှာကြားသည်။ထို့နောက် တစ်ဧက တန် ၅၀ အထက် ထွက်ရှိရေးအတွက် ကြံသီးနှံကို သိပ္ပံနည်းကျစနစ်ဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းမှစ၍ ရိတ်သိမ်းချိန်အထိ အဆင့်ဆင့် ရှင်းလင်းပြောကြားသည်။ယင်းနောက် တစ်ဧက တန် ၅၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး စိုက်ခင်းကို ရှင်းလင်းပြသသည်။

မှာကြား

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက် ၇ နာရီတွင် တောင်သူပညာပေး ဧက ၂၀ စိုက်ခင်းအတွင်း၌ စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်ထားသည့် ကောက်စိုက်စက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုအားပေးကာ စက်မှုလယ်ယာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား ဝယ်သူအကြိုက်ဖြစ်အောင် လုပ်ငန်းခွင်အတွင်း အသုံးတည့်ရေးနှင့် တစ်စီးချင်း၏ တန်ဖိုးဈေးနှုန်း မှန်ကန်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်သူပညာပေး ဘောင်စနစ်ဖြင့် ပျိုးထောင်ထားသော ဧက ၂၀ စိုက်ခင်းသို့ ရောက်ရှိပြီး ဘောင်စနစ်ဖြင့် ပျိုးထောင်ထားရှိသော စိုက်ပျိုးရန်အသင့်ဖြစ်နေသည့် စပါးပျိုးခင်းများကို ကြည့်ရှုစစ်ဆေးကာ စိုက်ကွင်းအတွင်း သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တောင်သူပညာပေး ဘောင်စနစ်ဖြင့် ပျိုးထောင်ထားသော ဧက ၂၀ စိုက်ခင်း၌ ဘောင်စနစ်ဖြင့် ပျိုးထောင်ထားရှိသော စိုက်ပျိုးရန်အသင့်ဖြစ်နေသည့် စပါးပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ခရိုင်(၄)ခရိုင်၌ မိုးဦးကျကာလ လျှပ်စစ်အန္တရာယ်မဖြစ်ပွားရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ဓာတ်အားလိုင်းကြိုခိုင်ရေး ဆောင်ရွက်

ရန်ကုန် မေ ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ မိုးဦးကျကာလ လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် Unit Losses ကျဆင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းရေးလုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း ဘုရင့်နောင်လမ်းပေါ်၌ ၆၆ ကေဗွီ ဘုရင့်နောင်-ရွာမ ဓာတ်အားလိုင်း၊ ခရေပင်လမ်းပေါ်ရှိ ၃၃ ကေဗွီ လှော်ကား-ရွှေလင်ပန်းဓာတ်အားလိုင်း၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အတွင်းရှိ မြောက်မြင်းပြိုင်ကွင်းလမ်း+စက်မှု(၁) လမ်းပေါ်မှ ၃၃ ကေဗွီ ကျိုက္ကဆံ-ကုက္ကိုင်းဓာတ်အားလိုင်းနှင့်အရှေ့ပိုင်းခရိုင်အတွင်းရှိမြို့နယ် အသီးသီးရှိ ဓာတ်အားလိုင်းများ၌ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကိုခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။**(ဓါတ်ပုံ)**

အလားတူ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ၃၃ ကေဗွီ လှိုင်သာယာ-ကွမ်းခြံကုန်းဓာတ်အားလိုင်း၊ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်း ဗဟိုလမ်းပေါ်ရှိ ၆၆ ကေဗွီ ဘုရင့်နောင်-ဆင်မလိုက် ဓာတ်အားလိုင်း၊ အမှတ်(၂) ရှင်စောပုလမ်းပေါ်ရှိ ၆၆ ကေဗွီ လှိုင်တော်-မြေနီကုန်း ဓာတ်အားလိုင်းတို့၌လည်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပလက်ဖောင်းထရပ်ကားများ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆–၅–၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၅ ၇။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၂၂)**
၈း၀၀ ၁၄။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ(အပိုင်း-၁၃)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်

လေဆင်နှာမောင်းဒဏ်သင့် လူနေအိမ်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ထောက်ပံ့ကြေးပေးအပ်

ကျောင်းကုန်း မေ ၁၅

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဧပြီ ၃၀ ရက်က တိုက်ခတ်ခဲ့သောလေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးသွားသော လူနေအိမ်ခြေများအတွက် ထောက်ပံ့ပစ္စည်း ၁၉ မျိုးအား ထောက်ပံ့ပေးအပ်ပွဲကို မေ ၈ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကွင်းကြီးတံခွန်တိုင်ကျေးရွာအုပ်စုရှိ အနောက်ဂေါမိကျေးရွာတွင် လေဆင်နှာမောင်းကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအိမ်ခြေ ၁၄ လုံးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပစ္စည်း ၁၉ မျိုးကို မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာရဲဝင်းနှင့် မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးသိန်းထွန်းတို့က အသီးသီးပေးအပ်ကြကြောင်း သိရသည်။ (၃၆၅)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၈) လမ်းနေ ကျေးဇူးရှင် ဒုတိယဗိုလ်မှူးကြီးလှမောင်အား ရည်စူး၍ ဒေါ်ဥဥခင်(၇၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၆၀၀	၀. ၀၃၃၀၄၆၉
တရုတ် (ယွမ်)	၆. ၄၉၈၇၀	၀. ၁၅၃၈၇၇
အိန္ဒိယ (ရူပီး)	၄၄. ၈၆၀၀	၀. ၂၂၂၉၁၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၂၅၀	၀. ၃၃၃၀၅၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၅၅၀	၀. ၈၀၂၈၉၀
ဂျပန် (ယန်း)	၈၀. ၇၄၀၀	၀. ၀၁၂၃၈၅၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၉၀	၀. ၀၀၀၉၂၀၀
ယူရို	၀. ၇၀၈၉၆၈	၁. ၄၁၀၅၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၄၃၆	၁. ၆၁၉၆၀

အင်တာနက်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များ နယ်စပ်ဒေသ၌ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်

ဂျမူး မေ ၁၅

ကမ္ဘာပေါ်တွင် လုံခြုံရေးအတင်းကျပ်ဆုံး ဒေသတစ်ခုဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့များအကြား တနင်္ဂနွေနေ့က အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယစစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် နယ်စပ်ကင်းလှည့်တာဝန်ထမ်းဆောင်နေသော အိန္ဒိယတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရပြီး နောက်တစ်ရက်တွင် နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ကတ်ရှ်မီးယားဒေသ၏ ဆောင်းရာသီမြို့တော်ဖြစ်သည့် ဂျမူးမြို့မှ ၁၈ မိုင်ခန့်အကွာ နယ်စပ်တစ်နေရာ၌ဖြစ်ပွားခဲ့သည့် အိန္ဒိယနယ်စပ်လုံခြုံရေးတပ်ဖွဲ့များနှင့် ပါကစ္စတန်ရိန်းဂျားတပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုသည် မိနစ် ၃၀ မျှကြာမြင့်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် နယ်စပ်ဒေသ၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရက်ကို ၂၀၀၃ ခုနှစ်က အတည်ပြုခဲ့ကြသော်လည်း နယ်စပ်ဒေသတစ်လျှောက်၌ နှစ်ဖက်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုများ ကြိုးကြားကြိုးကြား ဖြစ်ပွားနေဆဲဖြစ်သည်။

အိန္ဒိယနယ်စပ်လုံခြုံရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ အိန္ဒိယနယ်မြေအတွင်း တည်ရှိသော အမ်မရာဝါလီနယ်စပ်စခန်းကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက မမျှော်လင့်ဘဲ ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း အိန္ဒိယတပ်ဖွဲ့ဝင်များက ထိထိရောက်ရောက်ပြန်လည်တုံ့ပြန်နိုင်ခဲ့ကြောင်း သိရသည်။

အမ်မရာဝါလီနယ်စပ်စခန်းအနီး၌ပင် မေ ၁၄ ရက်က ပါကစ္စတန်တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင်တစ်ဦး ကျည်သင့်ခဲ့ရပြီး ဆေးရုံ၌ ကုသပေးနေစဉ် သေဆုံးခဲ့ရသည်။

နျူကလီးယားလက်နက်များ အသီးသီးပိုင်ဆိုင်ကြသော အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ်မှစ၍ စစ်ပွဲသုံးကြိမ်ဆင်နွှဲခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အိန္ဒိယ-ပါကစ္စတန်နယ်စပ်၌ အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ဂိုလန်ကုန်းမြင့်ပေါ်တွင် တပ်စွဲထားသည့် အစ္စရေးတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆီးရီးယားနယ်စပ်၌ အစ္စရေးတို့ပစ်ခတ်

ဂျေရုဆလင် မေ ၁၅

အစ္စရေးတို့သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးစားခဲ့ကြသော ဆီးရီးယားနိုင်ငံသား လူအုပ်စုတစ်စုကို ၎င်း၏တပ်ဖွဲ့များက ပစ်ခတ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါကျူးကျော်လာသူများကို သတိပေးခြောက်လှန့်သည့်အနေဖြင့်သာ ၎င်းတို့က ပစ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူတို့က ပြောကြားသည်။ သို့သော် တနင်္ဂနွေနေ့ကဖြစ်ပျက်ခဲ့သော ယင်းကိစ္စတွင် သေဆုံးသူလေးယောက် ရှိသည်ဟု ရုပ်မြင်သံကြားလိုင်းတစ်ခုက ထုတ်လွှင့်ကြေညာသွားခဲ့သည်။

၁၀ ဦးမှ ၂၀ ဦးအထိ ဒဏ်ရာရရှိ၍ ၎င်းတို့ကို ဂိုလန်ဒေသ အာရပ်မြို့ ဒဂူးဆီးရှိ ဆေးရုံတစ်ရုံတွင် တင်ပို့ကုသလျက်ရှိသည်ဟု အစ္စရေးအမျိုးသားကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်းတွင် ဆီးရီးယားတို့ထံမှ ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့က သိမ်းပိုက်ခဲ့သည်။ ငြိမ်းချမ်းရေးတည်ဆောက်မှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ဂိုလန်ကုန်းမြင့်ကို ပြန်လည်ပေးအပ်ရန် ဆီးရီးယားတို့က တောင်းဆိုလျက်ရှိသည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ၌ လက်သည်မပေါ်သော လူသတ်မှုပေါင်း ၁၅၀၀၀၀ အထိ ရှိခဲ့

ဆော်ပေါ်လို မေ ၁၅

ဘရာဇီးနိုင်ငံ၏ တရားစီရင်ရေးစနစ်အတွင်း တရားခံမဖော်ထုတ်နိုင်ခဲ့သော လူသတ်မှုပေါင်း ၁၅၀၀၀၀ ကျော်ရှိခဲ့ကြောင်း တရားရေးဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်နေသည့် ဘရာဇီးအစိုးရအဖွဲ့အစည်းတစ်ရပ်က မေ ၁၀ ရက်တွင် ပြောကြားသည်။

အဆိုပါ လူသတ်မှုများသည် ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ယနေ့အချိန်အထိ သိရှိခဲ့ရသမျှ လူသတ်မှုများသာဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ပြည်သူ့ရေးရာဝန်ကြီးဌာန အမျိုးသားကောင်စီက ပြောကြားသည်။

ပြည်သူ့ရေးရာဝန်ကြီးဌာန အမျိုးသားကောင်စီသည် ယခုနှစ်ကုန်ပိုင်း၌ တရားစီရင်မှု မပြီးပြတ်သေးသော အမှုအခင်းများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ထားကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရဲတပ်ဖွဲ့အတွက် ရန်ပုံငွေ နည်းပါးခြင်း၊ တရားစီရင်ရေးစနစ် လွန်စွာအလုပ်များခြင်း၊ တရားဥပဒေစိုးမိုးရေး အရာရှိများအကြား သတင်းအချက်အလက် ပေါင်းစပ်လုပ်ဆောင်မှု ကင်းမဲ့ခြင်းတို့ကြောင့် အမှုအခင်းများ စုံစမ်းစစ်ဆေးရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ တရားရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ ဘရာဇီးနိုင်ငံတွင် လူသတ်မှုပေါင်း နှစ်စဉ် ၅၀၀၀၀ ဖြစ်ပွားခဲ့သည်။

အင်တာနက်။

မူးယစ်ဆေးဝါးမှောင်ခိုသမားများ၏ ခေတ်မီဥမင်လိုဏ်ခေါင်းကို မက္ကဆီကို၌ ရှာဖွေတွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၁၅

မူးယစ်ဆေးဝါးမှောင်ခိုသမားများ အသုံးပြုသည့် ၇၅ မီတာအရှည်ရှိသော ခေတ်မီဥမင်လိုဏ်ခေါင်းတစ်ခုကို အမေရိကန်နယ်စပ် ကင်းလှည့်အဖွဲ့က မေ ၉ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ဥမင်လိုဏ်ခေါင်းသည် မက္ကဆီကိုနိုင်ငံ နိုဂါလက်စ်ဒေသရှိ အသုံးမပြုဘဲ စွန့်ပစ်ထားသည့် အဆောက်အအုံတစ်ခုမှ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်အထိရောက်အောင် ရှည်လျားသည်။

ယင်းခေတ်မီဥမင်လိုဏ်ခေါင်းသည် မြေအောက် လေးမီတာတွင်ရှိပြီး လျှပ်စစ်မီးချောင်းများ၊ ရေပိုက်များနှင့် လေဝင်လေထွက်ပေါက်များ တပ်ဆင်ထားရှိသည်။

ယင်း ဥမင်လိုဏ်ခေါင်းသည် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သော အခြားဥမင်လိုဏ်ခေါင်းများထက် ပိုမိုခေတ်မီဆန်းသစ်ကြောင်း၊ မူးယစ်ဆေးဝါးမှောင်ခိုသမားများသည် ကျောက်စိုင်ကျောက်သားများကို ထွင်းထု၍ လျှပ်စစ်ဓာတ်အားမီးချောင်းများ၊ ရေပိုက်များ၊ လေဝင်လေထွက်စနစ်ကို တပ်ဆင်ခဲ့ကြောင်း၊ နယ်စပ်ကင်းလှည့် အဖွဲ့ အကြီးအကဲ ရန်ဒီဟေးလ်က ပြောကြားသည်။

မက္ကဆီကိုနှင့် အမေရိကန် နှစ်နိုင်ငံအကြား နယ်စပ်တစ်လျှောက်တွင် မူးယစ်ဆေးဝါး မှောင်ခိုသမားများအတွက် လုံခြုံရေးနည်းစနစ်များကို တင်းကျပ်ထားရာ မှောင်ခိုသမားများက ယခုကဲ့သို့ ဥမင်လိုဏ်ခေါင်းဖောက်၍ ချဉ်းကပ်လာခြင်းဖြစ်သည်။

မက္ကဆီကိုသမ္မတ ဖိလစ်ကယ်လ်ဒါရွန်သည် ၂၀၀၆ ခုနှစ်တွင် မူးယစ်ဆေးဝါးဂိုဏ်းများကိုတိုက်ဖျက်ရန် နိုင်ငံတစ်ဝန်းတွင် တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်ဖြန့်ကြက်ထားခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် ရာဇဝတ် ဂိုဏ်းများနှင့် မူးယစ်ဆေးဝါးဂိုဏ်းများ၏ လက်ချက်ကြောင့် လူပေါင်း ၁၅၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း ရှေ့နေချုပ် အာတူရိုချာဗက်စ်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါလက်စတိုင်းဒေသသားများက တနင်္ဂနွေနေ့တွင် နက်ခ်ဘာပွဲ စတင်ကျင်းပခဲ့ရာ အစ္စရေးရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက လုံခြုံရေး စောင့်ကြပ်နေစဉ်။

ပါလက်စတိုင်းဒေသသားများ နက်ခ်ဘာပွဲ စတင်ကျင်းပ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ လုံခြုံရေးအရ အသင့်ပြင်ဆင်ထား

ဂျေရုစလင် မေ ၁၅

၁၉၄၈ခုနှစ်တွင် အစ္စရေးနိုင်ငံပေါ်ပေါက်လာမှုကြောင့် ပါလက်စတိုင်းတို့ ဒုက္ခပင်လယ်ဝေခဲ့ရသည့်အဖြစ်ကို ရည်ညွှန်းသော "နက်ခ်ဘာ"ပွဲကို ပါလက်စတိုင်းဒေသသားများက တနင်္ဂနွေနေ့တွင် စတင်ကျင်းပခဲ့ရာ အစ္စရေးရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များက လုံခြုံရေးအရ အသင့်အနေအထား ပြင်ဆင်ထားရကြောင်း သိရသည်။ အာရေဗစ်ဘာသာအားဖြင့် ကပ်ဘေးဟု အဓိပ္ပာယ်ဖွင့်နိုင်သော နက်ခ်ဘာပွဲမစတင်မီကပင် ဂျေရုဆလင်မြို့နှင့် အာရပ်များနေထိုင်ရာဒေသများ၌ အစ္စရေးရဲတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာတို့ ဖြန့်ကြက်နေရာယူခဲ့ပြီးဖြစ်သည်။

လုံခြုံရေးအရ အတိမ်းအစောင်းမခံနိုင်သော ဒေသများ အထူးသဖြင့် ဂျေရုဆလင်မြို့နှင့် အစ္စရေးနိုင်ငံသားအာရပ်များ အများစုနေထိုင်ရာ ဝါဒီအေရာဒေသတို့၌ အစ္စရေးရဲတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို စေလွှတ်ဖြန့်ချထားကြောင်း အစ္စရေးရဲတပ်ဖွဲ့ပြောခွင့်ရှိသူက ပြောကြားခဲ့သည်။

နက်ခ်ဘာပွဲကို စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်ရေးအတွက် မိမိတို့၏ လုံခြုံရေးတပ်ဖွဲ့များအား အသင့်အနေအထားအတိုင်းပြင်ဆင်ထားကြောင်း၊ သို့ရာတွင် ရဲတပ်ဖွဲ့၏ အမိန့်အာဏာကို ချိုးဖောက်လာမှုများအား မိမိတို့လက်သင့်ခံမည်မဟုတ်ကြောင်း ၎င်းက ဆိုသည်။

အစ္စရေးနိုင်ငံက သိမ်းပိုက်ထားသောဒေသများကို တနင်္ဂနွေနေ့ ညသန်းခေါင်ယံအထိ အစ္စရေးစစ်ဘက်က ၂၄ နာရီပတ်လုံး လူဝင်လူထွက် ပိတ်ဆို့ထားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းကာလအတွင်း သေရေးရှင်ရေးကိစ္စများမှတစ်ပါး မည်သည့်အကြောင်းနှင့်မှ ပါလက်စတိုင်းဒေသမှ အစ္စရေးနိုင်ငံအတွင်းသို့ ဖြတ်သန်းဝင်ရောက်ခွင့်ပေးမည်မဟုတ်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

နက်ခ်ဘာပွဲမတိုင်မီ မေ ၁၃ ရက်မှစ၍ အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် ပါလက်စတိုင်းလူငယ်များအကြား ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။

အစ္စရေးနိုင်ငံစတင်ပေါ်ပေါက်ခဲ့ချိန်မှစ၍ ပါလက်စတိုင်းဒေသသား ၇၆၀၀၀၀၊ ၎င်းတို့၏ မျိုးဆက်များပါထည့်တွက်ပါက ပါလက်စတိုင်းဒေသသား ၄ ဒသမ ၇ သန်းတို့သည် ၎င်းတို့၏ ဇာတိမြေကို စွန့်ခွာခဲ့ကြရသည်။

လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံ၌ ပါလက်စတိုင်းလူဦးရေ ၁ ဒသမ ၃ သန်းရှိပြီး အစ္စရေးနိုင်ငံစုစုပေါင်းလူဦးရေ၏ ၂၀ ရာခိုင်နှုန်းမျှရှိသည်။ ၎င်းတို့ကို အစ္စရေးနိုင်ငံသား အာရပ်များဟူ၍ ညွှန်းဆိုလေ့ရှိသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် မိသားစုသုံးဦး ပစ်သတ်ခံရ

ဘဂ္ဂဒက် မေ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ တနင်္ဂနွေနေ့အစောပိုင်းတွင် မိသားစုဝင်သုံးဦးကို ၎င်းတို့၏နေအိမ်အတွင်းမှာပင် ရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသည့် သေနတ်သမားများက ပစ်သတ်သွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ ဝိုင်းယားရပ်ကွက်အတွင်းမှ အိမ်တစ်လုံးအတွင်းသို့ အရုဏ်တက်အချိန်တွင် ရဲဝတ်စုံဝတ်ထားသူများ ချဉ်းနင်းဝင်ရောက်လာပြီး ဇနီးမောင်နှံနှစ်ဦးနှင့် ၎င်းတို့၏သားဖြစ်သူကို ပစ်သတ်ခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက သတင်းပေးခဲ့သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာအရပ်ကို ပိတ်ဆို့ထားပြီး အဆိုပါဖြစ်စဉ်ကို စတင်စုံစမ်းစစ်ဆေးလျက်ရှိပြီး သေနတ်သမားများအဖြစ် ယူဆရသူများကို ရှာဖွေလျက်ရှိကြောင်း အဆိုပါသတင်းပေးက ပြောသည်။

သီးခြားဖြစ်စဉ်အဖြစ် ဘဂ္ဂဒက်မြို့အလယ်ပိုင်း ကာဒါရာရပ်ကွက်တွင် လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အရပ်သားသုံးဦးဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ထိုနေ့နံနက်ပိုင်းမှာပင် မြို့တော်၏ မြို့လယ်ရပ်ကွက်အတွင်းမှ အိမ်တစ်လုံးကို မော်တာကျည်ဆန်တစ်လုံးထိမှန်ခဲ့ကြောင်း၊ အိမ်ပျက်စီးသွားသော်လည်း လူသေဆုံးမှုမရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သိပ္ပံနှင့် လူမှုမြင်ကွင်း သတင်းအထွေထွေ
နိုင်ငံတကာ သိပ္ပံနှင့် လူမှုမြင်ကွင်း သတင်းအထွေထွေ



အခြားကမ္ဘာမှ သက်ရှိများ၏ တုံ့ပြန်မှုကို အလျဉ်မပြတ် စူးစမ်းထောက်လှမ်းနေမည့် ဂရင်းဘန့်ဂ်ခ်(Green Bank) ရေဒီယိုတယ်လီစကုပ်ကြီးအား တွေ့ရသည်။

အခြားကမ္ဘာမှ သက်ရှိများရှာဖွေရေးစီမံချက် အမေရိကန်သိပ္ပံပညာရှင်များ စတင်

ဝါရှင်တန် မေ ၁၅

ကမ္ဘာဂြိုဟ်နှင့် ဖွဲ့စည်းပုံချင်းတူညီနိုင်သော ဂြိုဟ် ၈၆ လုံး၌ ရှိနေနိုင်ဖွယ်ရှိသည့် သက်ရှိများ၏ သင်္ကေတ ထုတ်လွှင့်မှုများကို အမေရိကန်ပြည်ထောင်စု အနောက်ဗာဂျီးနီးယားပြည်နယ်မှ ရေဒီယိုတယ်လီစကုပ်ကြီးတစ်ခုက စတင်ဖမ်းယူနေပြီဖြစ်ကြောင်း အမေရိကန်နက္ခတ္တဗေဒသိပ္ပံပညာရှင်များက မေ ၁၃ ရက်တွင် ပြောကြားသည်။

ဂရင်းဘန့်ဂ်ခ်(Green Bank)အမည်ရှိ ရေဒီယိုတယ်လီစကုပ်သည် သက်ရှိများနေထိုင်နိုင်ဖွယ် ဂြိုဟ်ကြီး ၈၆ လုံးမှ ထွက်ပေါ်လာမည့် အချက်ပြ သင်္ကေတလှိုင်းများကို ယခုရက်သတ္တပတ်အတွင်း စတင်ဖမ်းယူနေပြီဖြစ်သည်။

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သက်ရှိများနေထိုင်နိုင်ဖွယ်ဂြိုဟ်များအဖြစ် အတန်းအစားခွဲခြားပေးထားသော ဂြိုဟ်ပေါင်း ၁၂၃၅ အနက်မှ အဆိုပါဂြိုဟ် ၈၆ လုံးကို ရွေးချယ်၍ ထောက်လှမ်းနေခြင်းဖြစ်သည်။

ယင်းဂြိုဟ်များအားလုံး၌ သက်ရှိများနေထိုင်နိုင်သည့် ဂြိုဟ်တည်ဆောက်ပုံစနစ် ရှိ၊ မရှိ မသေချာသော်လည်း အခြားကမ္ဘာမှ သက်ရှိများရှာဖွေနိုင်ရေးအတွက် မူအလွန်ကောင်းသော နေရာများဖြစ်ကြောင်း ဂရင်းဘန့်ဂ်ခ် ရေဒီယိုတယ်လီစကုပ် စီမံကိန်း၌ ပါဝင်သူတစ်ဦးက ဆိုသည်။

ဂရင်းဘန့်ဂ်ခ်စီမံချက်သည် ၁၉၈၀ ခုနှစ်တွင် စတင်ခဲ့သော အခြားကမ္ဘာမှ သက်ရှိများရှာဖွေရေးစီမံကိန်း (အက်စ်အီးတီအိုင်)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ပိတ်သိမ်းခဲ့ရ

အက်စ်အီးတီအိုင်စီမံကိန်း၏ အဓိကကျောရိုးဖြစ်သော တယ်လီစကုပ် ၄၂ ခုပါဝင်သည့် အလန်းတယ်လီစကုပ် စခန်း (အေတီအေ)သည် ရန်ပုံငွေဖြတ်တောက်ခံရမှုကြောင့် ပြီးခဲ့သည့်လက ပိတ်သိမ်းခဲ့ရသည်။

ဂရင်းဘန့်ဂ်ခ်ရေဒီယိုတယ်လီစကုပ်၏ မျက်နှာပြင်အကျယ်သည် ၁၀၀ မီတာ× ၁၁၀ မီတာရှိပြီး အလေးချိန် ပေါင် ၁၇ သန်းလေးသည်။ ၂၀၀၀ ခုနှစ်မှ စတင်၍ အာကာသလေ့လာရေးတာဝန်များ ထမ်းဆောင်ခဲ့သော ယင်းရေဒီယိုတယ်လီစကုပ်သည် အရပ်မျက်နှာအမျိုးမျိုးသို့ လှည့်ပတ်ထောက်လှမ်းနိုင်စွမ်းရှိပြီး ဂြိုဟ် ၈၆ လုံးမှရရှိမည့် အချက်အလက်များကို ၂၄ နာရီပတ်လုံး စုဆောင်းရယူသွားမည်ဖြစ်သည်။ ***အင်တာနက်။***

သတို့သမီးနှစ်ဦးကို ဂုဏ်သိက္ခာဆယ် သတ်ဖြတ်မှုအတွက် အမျိုးသမီးနှစ်ဦးအား အိန္ဒိယရဲတပ်ဖွဲ့ဖမ်းဆီးခဲ့

နယူးဒေလီ မေ ၁၅

မျိုးမတူ၊ ဇာတ်ခြား၊ ယုံကြည်ချက်ချင်းကွဲပြားသော အိမ်ထောင်ဖက်များကို ရွေးချယ်မိခဲ့သည့် သမီးများအား မိသားစု ဂုဏ်သိက္ခာဆယ်ရန်အတွက်ဆိုကာ သတ်ဖြတ်ခဲ့သော အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ မိခင်နှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင်ပြောကြားသည်။

မိမိတို့၏ သဘောဆန္ဒအလျောက် အိမ်ထောင်ဖက်ကို ရွေးချယ်ခဲ့ကြသော အမျိုးသမီးငယ်နှစ်ဦးသည် မိဘအိမ်သို့အပြန်၌ အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဝေဖန်လေ့ရှိ

မျိုးရိုးနှင့် ယုံကြည်ချက်မတူသော လူ့အဖွဲ့အစည်းများမှ ပေါက်ဖွားလာသူများအကြား လက်ထပ်ထိမ်းမြားမှုသည် အိန္ဒိယနိုင်ငံ၌ဖြစ်ခဲလှပြီး ယင်းသို့ လက်ထပ်ထိမ်းမြားမှုကိုလည်း သက်ဆိုင်ရာ လူ့အဖွဲ့အစည်းနှစ်ရပ်လုံးက နှာခေါင်းရှုံ့ ဝေဖန်လေ့ရှိသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ လင်စုံမယားဖက် ထိမ်းမြားမှုများကို သက်ဆိုင်ရာ မိသားစုများကသာ စီစဉ်ပေးနေဆဲ ဖြစ်သည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အမျိုးသမီးများသည်လည်း ပြင်ပအလုပ်ခွင်များသို့ ပိုမိုတိုးဝင်ခြေဆန့်လာလျက်ရှိကြရာ လက်ထပ်ထိမ်းမြားမှုဆိုင်ရာ ရိုးရာဓလေ့များကို စွန့်ပယ်လာကြပြီး ပကတိ မေတ္တာအခြေခံ အိမ်ထောင်ဖက်ရွေးချယ်မှုကို ကျင့်သုံးလာကြသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ ယခုဖြစ်ပွားခဲ့သော ဖြစ်ရပ်သည် မိခင်နှစ်ဦးသည် သမီးနှစ်ဦးအား လည်မျိုညှစ်သတ်ဖြတ်ရန်အတွက် တစ်ဦးနှင့်တစ်ဦး ကူညီပေးခဲ့ကြကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ရာစုနှစ်များစွာကျင့်သုံးခဲ့သော အမျိုးဇာတ်နှင့် လူ့အဖွဲ့အစည်းခွဲခြားမှုများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ တည်ရှိနေဆဲဖြစ်ပြီး မိသားစုဂုဏ်သိက္ခာဆယ် သတ်ဖြတ်မှုများသည်လည်း မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့ရကြောင်း သိရသည်။ ***အင်တာနက်။***

နေမျက်နှာပြင်ပေါ်သို့ ကြယ်တံခွန်တစ်စင်း ထိုးဆင်းကျရောက်ခဲ့

နယူးယောက် မေ ၁၅

မေ ၁၀ ရက်နှင့် ၁၂ ရက်အကြား ကာလများအတွင်း နေ၏မျက်နှာပြင်ပေါ်၌ ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားခိုက် ကြယ်တံခွန်တစ်စင်းသည်လည်း နေပေါ်သို့ ထိုးဆင်းကျရောက်ခဲ့ကြောင်း မေ ၁၄ ရက်သတင်းများတွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်နှစ်ရပ်သည် ဆက်စပ်မှုမရှိနိုင်ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၌ သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့မှ သိပ္ပံပညာရှင်များသည် နေမျက်နှာပြင်ပေါ်သို့ ကြယ်တံခွန်တစ်စင်း ထိုးဆင်းကျရောက်ခဲ့သည်ကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ထောက်လှမ်းတွေ့ရှိခဲ့ရသည်။

ကံဆိုးသော ယင်းကြယ်တံခွန်ကို ကမ္ဘာကြီးအနေဖြင့် မည်သည့်အခါတွင်မျှ ထပ်မံမြင်တွေ့ခွင့်ရတော့မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ကြယ်တံခွန်ထိုးဆင်းကျရောက်မှုနှင့် တစ်ချိန်တည်းလိုလို နေ၏မျက်နှာပြင်ပေါ်၌ နေရောင်ခြည်မုန်တိုင်းတိုက်ခတ်မှု (Coronal mass ejection)ဟု ခေါ်သည့် မဟာပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နာဆာသိပ္ပံပညာရှင်များ၏အဆိုအရ နေမျက်နှာပြင်ပေါ်သို့ ကျရောက်ခဲ့သည့် ကြယ်တံခွန်သည် နေနှင့်အလွန်နီးကပ်သော ပတ်လမ်းအတွင်းမှ ကြယ်တံခွန်တစ်စင်းဖြစ်ဖွယ်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ကာယိန္ဒြေပိုင်းဆိုင်ရာအနိုင်ကျင့်မှုဖြင့် တရားစွဲခံရ

နယူးယောက် မေ ၁၅

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော် မန်ဟက်တန် ရပ်ကွက် ဟိုတယ်တစ်ခုမှ ဝန်ထမ်းအမျိုးသမီးတစ်ဦးကို ကာယိန္ဒြေပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်ဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ အကြီးအကဲအား နယူးယောက်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် တရားစွဲဆိုထားကြောင်း သိရသည်။

ခရီးစဉ်ဖျက်သိမ်းခံခဲ့ရ

အိုင်အမ်အက်ဖ်အကြီးအကဲ မစ္စတာဒေါမနစ် စထရုတ်စ်ခန်းသည် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်လုဆဲဆဲ မိနစ်ပိုင်းမျှအလိုတွင် ခရီးစဉ်ဖျက်သိမ်းခံခဲ့ရပြီး ၎င်းကို နယူးယောက် ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။

တရားရင်ဆိုင်ရမည်

မစ္စတာ ဒေါမနစ်စထရုတ်စ်ခန်းသည် ကာယိန္ဒြေပိုင်းဆိုင်ရာ အနိုင်ကျင့်ရန်ကြံစည်အားထုတ်မှုအပါအဝင် စွဲချက်သုံးခုဖြင့် နယူးယောက်ပြည်နယ်တရားရုံး၌ တရားရင်ဆိုင်ရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မစ္စတာစထရုတ်စ်ခန်းသည် အပြစ်မရှိကြောင်း မိမိတို့ လျှောက်လဲသွားမည်ဟု ၎င်း၏ရှေ့နေတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

သတ်မှတ်ခံထားရသူ

မစ္စတာစထရုတ်စ်ခန်းသည် ပြင်သစ်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဟောင်းဖြစ်ကာ အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး ဆိုရှယ်လစ်ပါတီကို ကိုယ်စားပြု၍ ပြင်သစ်သမ္မတအဖြစ် ပါဝင်အရွေးခံရန် သတ်မှတ်ခံထားရသူလည်းဖြစ်သည်။

သတင်းများ၏ ဖော်ပြချက်အရ မစ္စတာစထရုတ်စ်ခန်းသည် နယူးယောက်ပြည်နယ် တရားရုံးရှေ့မှောက်၌ တနင်္ဂနွေနေ့နှောင်းပိုင်းတွင် ၎င်းအား စွပ်စွဲထားမှုများနှင့် ပတ်သက်၍ တရားတပေါင်ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ကာယိန္ဒြေပိုင်းဆိုင်ရာ စွဲချက်များဖြင့် တရားတပေါင်ရင်ဆိုင်ရမည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ မစ္စတာ ဒေါမနစ်စထရုတ်စ်ခန်း။

မိသားတစ်စုလျှင် ခွေးတစ်ကောင်သာမွေးခွင့်မူဝါဒ ရှန်ဟိုင်းမြို့တော်၌ ချမှတ်

ရှန်ဟိုင်း မေ ၁၅

ခွေးရူးရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်ရန်နှင့် အိမ်မွေးတိရစ္ဆာန်ကောင်ရေမြင့်မားလာမှုကို ထိန်းချုပ်ရေးအတွက် မိသားတစ်စုလျှင် ခွေးတစ်ကောင်သာ မွေးမြူခွင့်ပြုရေး စည်းမျဉ်းများကို ချမှတ်နိုင်ရန် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တော် အာဏာပိုင်များက လုပ်ဆောင်နေပြီဖြစ်ကြောင်း မေ ၁၄ ရက် သတင်းများတွင် ဖော်ပြသည်။

ရှန်ဟိုင်းမြို့တော် အာဏာပိုင်များ၏ တစ်အိမ်ထောင် ခွေးတစ်ကောင် မူဝါဒသစ်သည် တနင်္ဂနွေနေ့(ယနေ့)တွင် စတင် အာဏာသက်ဝင်မည်ဖြစ်သည်။

ရှန်ဟိုင်းမြို့ အာဏာပိုင်တို့၏ ထုတ်ဆင့်သော တစ်အိမ်ထောင် ခွေးတစ်ကောင် မွေးမြူရေးအမိန့် အတည်ဖြစ်ပါက တရုတ်ခွေးချစ်သူတို့ အခက်ကြုံရဦးမည်။

ရှန်ဟိုင်းမြို့တော်၏ တစ်အိမ်ထောင် ခွေးတစ်ကောင် မူဝါဒအရ ခွေးပိုင်ရှင်များအနေဖြင့် ၎င်းတို့၏ခွေးများကို တရားဝင်စာရင်းသွင်း၍ မွေးမြူလာနိုင်စေရန် စာရင်းသွင်းရာတွင် ပေးသွင်းရသော အခကြေးငွေများကို လျှော့ချပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သည့် ရှန်ဟိုင်းမြို့၌ ခန့်မှန်းခြေအားဖြင့် အိမ်မွေးခွေးကောင်ရေ ၈၀၀၀၀၀ မျှ ရှိသော်လည်း ယင်းတို့အနက် ကောင်ရေ ၁၄၀၀၀၀ ခန့်ကိုသာ တရားဝင်စာရင်းသွင်း၍ မွေးမြူထားကြသည်။

ပေကျင်းမြို့တော်နှင့် ကွမ်ကျိုးမြို့တော်များ၌လည်း ခွေးရူးရောဂါထိန်းချုပ်ရေးအတွက် ရှန်ဟိုင်းမြို့နှင့် အလားတူ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားပြီးဖြစ်သည်။

တရုတ်လူလတ်တန်းစားများက အိမ်မွေးခွေးထိန်းချုပ်မှု မူဝါဒအား ပုဂ္ဂလိက ဘဝနေထိုင်မှုကို စွက်ဖက်မှုအဖြစ် မှတ်ယူကြသောကြောင့် နှစ်မြို့ခြင်းမရှိဟု ဆိုသည်။

အိမ်မွေးခွေးထိန်းချုပ်မှု မူဝါဒသည် ပြီးခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာက ဖြစ်ပွားခဲ့သော အစွန်းရောက် ကွန်မြူနစ်လှုပ်ရှားမှုများကို ရောင်ပြန်ဟပ်ခြင်းအဖြစ် ၎င်းတို့က ယူဆကြသည်။

ထိုစဉ်က အစွန်းရောက် တရုတ်ကွန်မြူနစ်များသည် အိမ်မွေးတိရစ္ဆာန်မွေးမြူမှုကို အရင်းရှင် လူတန်းစား၏ စည်းစိမ်ယူသော လုပ်ရပ်၊ ကွန်မြူနစ်ဝါဒ၏ ဆန့်ကျင်ဘက်အဖြစ် သတ်မှတ်ရှုတ်ချခဲ့သည်။ ***အေပီ။***

သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

ဒေါက်တာခင်ခင်ကြီး

သားသမီးဟူသည် မိဘတို့၏ မျက်ရှုဖြစ်သည်။ မျှော်လင့်ချက်ဖြစ်သည်။ သားသမီးမျက်နှာရွှင်ပျမှ မိဘတို့၏ စိတ်နှလုံးရွှင်လန်းဝမ်းမြောက်ပေမည်။ စားဝတ်နေရေးအတွက် ရုန်းကန်ကြိုးစားရှာဖွေရသမျှ အိမ့်ဆည်းလည်းလေးများဖြစ်သော သားသမီးတို့ကို မြင်လိုက်ရလျှင် ပင်ပန်းသမျှ အမောပြေရသည်။ ကျန်းမာရွှင်လန်းသော သားသမီးများကိုသာ တွေ့မြင်လိုကြသည်။ ပန်းကလေးများကို နေဒဏ်၊ လေဒဏ်၊ ပိုးမွှားဒဏ်မှ ကာကွယ်ပေးရသည့်နည်းတူ ပန်းကလေးများနှင့် တူလှစွာသော မိမိတို့၏ ရင်သွေးငယ်များကိုလည်း ရောဂါပေါင်းစုံ၏အန္တရာယ်မှ အစွမ်းကုန် ကာကွယ်ရန်မှာ မိဘတို့၏ တာဝန်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ကလေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများအန္တရာယ်မှ တားဆီးကာကွယ်ပေးရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၇၈ ခုနှစ်မှစတင်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ပိုလီယိုရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ တီဘီဦးနှောက်အမြှေးရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် အသည်းရောင်အသားဝါ(ဘီ) ရောဂါခုနစ်မျိုးအတွက် ကာကွယ်ဆေးများကို အသက်(၁)နှစ်အောက်ကလေးငယ်များတွင် ထိုးနှံပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သည့်အတွက် ရောဂါဖြစ်ပွားသေဆုံးမှုများ ထိရောက်စွာ လျှော့ချနိုင်ခဲ့ပါသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသန်းပေါင်းများစွာသည် ကူးစက်ရောဂါများ ခံစားနေကြရပါသည်။ ကူးစက်ရောဂါများအနက် ပိုလီယိုအကြောသေရောဂါသည် ကလေးများအား အလွန်ကူးစက်လွယ်ပြီး ထိုရောဂါဖြစ်ပါက ခြေလက်မသန်မစွမ်းဖြစ်ကာ ဒုက္ခိတဘဝရောက်ရသော နောက်ဆက်တွဲကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြရပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၁၉၈၈ ခုနှစ်မှစတင်ပြီး ပိုလီယိုအကြောသေရောဂါ ကမ္ဘာပေါ်မှ ပပျောက်စေရန် နည်းလမ်းများဖော်ထုတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော ဒေသကြီး ခြောက်ခုအနက် ဒေသကြီးသုံးခုတွင် ပိုလီယိုအကြောသေရောဂါ ကင်းစင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် ပိုလီယိုအကြောသေရောဂါဖြစ်ပွားသူ ၁၂၉၂ ဦးရှိပြီး ၂၀၁၁ ခုနှစ် ဧပြီလ ၁၂ ရက်အထိ စာရင်းအရ တစ်ကမ္ဘာလုံးတွင် ပိုလီယိုအရိုင်းပိုး တွေ့ရှိသူပေါင်း ၈၈ ဦး ရှိနေပါသေးသည်။

မြန်မာနိုင်ငံသည် ၁၉၉၆ ခုနှစ်မှစတင်ပြီး ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးလုပ်ငန်းကို နည်းဗျူဟာလေးရပ်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးကို ၁၉၈၇ ခုနှစ်မှစပြီး တစ်နိုင်ငံလုံးတွင် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အရ အကောင်အထည်ဖော်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှပင်စတင်ပြီး အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှာပင် လတ်တလော ပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို စတင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် နောက်ဆုံးလူနာကို ရှာဖွေတွေ့ရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခံခဲ့ပါသည်။

ထိုနောက်ပိုင်း ပိုလီယိုရောဂါဖြစ်ပွားမှုအခြေအနေကို ဖော်ပြရလျှင် ၂၀၀၆ ခုနှစ် မေလတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုး အမျိုးအစား(၁)ကို လတ်တလော ပျော့ခွေအကြောသေ လူနာတစ်ဦးတွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထို့အပြင် ၂၀၀၇ ခုနှစ် မတ်၊ ဧပြီနှင့် မေလအတွင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့၌ ပိုလီယိုအရိုင်းပိုး ၁၁ ဦး တွေ့ရှိခဲ့ရပါသည်။ ၂၀၀၇ ခုနှစ်အတွင်း ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုပိုးများကို ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်နှင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တို့တွင် တွေ့ရှိခဲ့ရပါသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ နှစ်ကုန်ပိုင်းကာလအထိ ပိုလီယိုအကြောသေရောဂါ ကင်းစင်နေခဲ့ပါသည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် ပိုလီယိုရောဂါပိုး အမျိုးအစား(၂)ကို ရမည်းသင်းခရိုင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိ အသက်ခုနစ်လအရွယ်ကလေးငယ်၌ ရှာဖွေတွေ့ရှိခဲ့ရသည့်အတွက် ရမည်းသင်းခရိုင်နှင့် ထိစပ်လျက်ရှိသော နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိ မြို့နယ်ပေါင်း ၁၂၆ မြို့နယ်တို့တွင် ကျင်းပမည်ဖြစ်ပါသည်။

ပထမအကြိမ်အဖြစ် ၂၀၁၁ ခုနှစ် မေလ ၁၄ ရက်မှ ၁၅ ရက်ထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဇွန်လ ၁၁ ရက်မှ ၁၂ ရက်အထိလည်းကောင်း ကျင်းပပြီး အသက်(၅)နှစ်အောက် ကလေးငယ် ၂ ဒသမ ၉ သန်းကျော်ကို တိုက်ကျွေးမည်ဖြစ်ပါသည်။

ဒေသအလိုက် ကာကွယ်ဆေးတိုက်မည့်နေရာကို ဦးစားပေးရွေးချယ်ရာတွင် ပိုလီယိုရောဂါဝင်ရောက်လာနိုင်ဖွယ်ရာရှိသော နယ်စပ်ဒေသများ၊ ပိုလီယိုရောဂါပိုးတွေ့ရှိခဲ့သောနေရာနှင့် ကူးသန်းသွားလာမှုရှိသော မြို့နယ်များကို ရွေးချယ်ထားပါသည်။ ယခုဆောင်ရွက်သော ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များသည် ပိုလီယိုအကြောသေရောဂါကို ကာကွယ်လိုခြင်းသာမကဘဲ လက်ရှိဖြစ်နေသော ပိုလီယိုရောဂါပိုးကူးစက်မှုကို ရပ်တန့်သွားစေရန်ပါ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကလေးငယ်များအားလုံး တစ်ယောက်မကျန် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် အရေးကြီးပါသည်။

ကမ္ဘာ့အခြေအနေကို ပြန်ပြောင်းလေ့လာလျှင် ၁၉၈၈ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံကြီး၌ ပိုလီယိုလုံးဝပပျောက်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်စဉ်အချိန်က ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ၁၂၅ နိုင်ငံတွင် ပိုလီယိုရောဂါဖြစ်ပွားသူ ၃၅၀၀၀၀ ရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသော နိုင်ငံလေးနိုင်ငံ(အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယား)သာ ကျန်ရှိပါတော့သည်။ ၂၀၁၀ ခုနှစ်တွင် ပိုလီယိုရောဂါဖြစ်ပွားသူပေါင်း ၁၂၉၂ ဦး ရှိခဲ့ပါသည်။ ဖြစ်ပွားသူ ၄၅၈ ဦးမှာ တာဂျစ်ကစ္စတန်နိုင်ငံမှဖြစ်ပြီး ဒေသအလိုက် ပိုလီယိုကင်းစင်သောအခြေအနေမှ ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း အားနည်းသောကြောင့် အခြားနိုင်ငံမှ ပြန်လည်ဝင်ရောက်ကူးစက်ခြင်းခံရပြီး ဖြစ်ပွားခဲ့ပါသည်။ ပိုလီယိုရောဂါ အဆက်မပြတ်ဖြစ်ပွားနေသေးသော နိုင်ငံလေးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နှင့် နိုင်ဂျီးရီးယားတို့တွင်လည်း ရောဂါဖြစ်ပွားမှု သိသိသာသာ လျော့နည်းကျဆင်းလျက်ရှိပြီး နေရာကွက်ပြီးသာ ဖြစ်ပွားသည့်အခြေအနေကို တွေ့ရှိရပါသည်။ ရောဂါအမြစ်တွယ်နေသော နိုင်ငံနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် နိုင်ဂျီးရီးယားနိုင်ငံများမှ ပြန်လည်ဝင်ရောက်ကူးစက်ခြင်း ခံရသောနိုင်ငံများ၌ ၂၀၁၀ ခုနှစ်အတွင်း ပိုလီယိုရောဂါ ဆက်လက်ဖြစ်ပွားနေသည်ကို တွေ့ရပါသည်။

ပိုလီယိုရောဂါသည် ပိုလီယိုဗိုင်းရပ်စ် သုံးမျိုးဖြစ်သည့် အမျိုးအစား (၁၊၂၊၃)ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ အမျိုးအစား(၁) ပိုလီယိုဗိုင်းရပ်စ်သည် အကြောသေရောဂါကို ပို၍ဖြစ်ပွားစေပြီး ငါးနှစ်အောက်ကလေးများတွင် အဓိက ဖြစ်ပွားတတ်ပါသည်။ ပိုလီယိုဗိုင်းရပ်စ်(၂) အမျိုးအစားကို ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် နောက်ဆုံးတွေ့ရှိခဲ့ပါသည်။ ပိုလီယိုရောဂါသည် အလွန်ကူးစက် ပျံ့နှံ့နိုင်ပါသည်။ ကလေးငယ်၏ခန္ဓာကိုယ်ထဲသို့ ရောဂါပိုးဝင်ရောက်ချိန်မှစတင်၍ လေးရက်မှ ၃၅ ရက်အတွင်း အကြောသေလက္ခဏာ စတင်ဖြစ်ပွားပါသည်။

ပိုလီယိုရောဂါပိုးသည် ရောဂါပိုးရှိသူ၏ မစင်မှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ထိုမှတစ်ဆင့် အစားအစာနှင့် ရေများသို့ရောက်ရှိကာ အခြားလူတစ်ယောက်တွင် ရောဂါဖြစ်ပွားကူးစက်စေပါသည်။ လူတွင်သာရောဂါပိုး ကူးစက်မှုရှိနိုင်ပြီး ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးရှိနေသူများလည်းရှိနိုင်ပါသည်။ ပိုလီယိုရောဂါပိုးကြောင့် ပိုလီယိုအကြောသေလူနာတစ်ဦး ဖြစ်ပွားခဲ့လျှင် ၎င်းကလေး၏ ပတ်ဝန်းကျင်တွင် နေထိုင်သောကလေးငယ် ၂၀၀ မှ ၁၀၀၀ တွင် ရောဂါလက္ခဏာမပြဘဲ ပိုလီယိုရောဂါပိုး ကူးစက်နေပြီဖြစ်ပါသည်။ ယင်းကလေးများသည် ပတ်ဝန်းကျင်ရှိ ကာကွယ်မှုမရှိသောကလေးငယ်များကို တစ်ဆင့်ကူးစက်စေနိုင်ပါသည်။ ရောဂါပိုးဝင်ပြီးနောက် တစ်လကျော်ကျော်တွင် ရောဂါရှိသူ၏ မစင်၌ ရောဂါပိုးပါရှိနေပြီး ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ကူးစက်ပျံ့နှံ့နိုင်မှုအားသည် အကြောသေစတင်ခြင်း မဖြစ်မီနှင့် အကြောသေပြီးနောက် ပထမနှစ်ပတ်တွင် အမြင့်ဆုံးဖြစ်ပါသည်။

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း တင်ပြရာတွင် ကလေးများကို ဒုက္ခိတဘဝ မရောက်စေရန် ကယ်တင်ပေးခဲ့သော ကယ်တင်ရှင်အကြောင်းနှင့် ပိုလီယိုကာကွယ်ဆေးအကြောင်း ချန်လှပ်ထား၍ မရနိုင်ပေ။ ပိုလီယိုကာကွယ်ဆေးကို Dr.Albert Sabin က ၁၉၆၁ ခုနှစ်၌ စတင်တီထွင်ခဲ့ပါသည်။ (topv)ဆေးထဲတွင်ပါဝင်သော ဗိုင်းရပ်စ်ပိုး သုံးမျိုးဖြစ်သည့် အမျိုးအစား (၁၊၂၊၃)ပါဝင်ပြီး ပိုလီယိုရောဂါ မကူးစက်နိုင်ရန်နှင့် ခန္ဓာကိုယ်ခုခံစွမ်းအားကိုသာ ဖြစ်ပေါ်စေရန် အထူးပြုပြင်ပြောင်းလဲထားပြီး ဖော်စပ်ထားသော ကာကွယ်ဆေးဖြစ်ပါသည်။

ပါးစပ်မှ တိုက်ကျွေးနိုင်သောဆေးနှင့် ထိုးဆေးဟူ၍ နှစ်မျိုးရှိပါသည်။ ပါးစပ်မှတိုက်ကျွေးနိုင်သော ပိုလီယိုကာကွယ်ဆေး အစက်ချဆေးရည်ကို ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးတွင်သုံးသည့် အကြောင်းရင်း သုံးရပ်ရှိပါသည်။

(၁) ပိုလီယိုကာကွယ်ဆေးသည် ခန္ဓာကိုယ်ခုခံစွမ်းအားအပြင် အူများ၏ ခုခံစွမ်းအားကိုပါ ဖြစ်ပေါ်စေသည့်အတွက် အူထဲတွင်ရောက်လာသည့် ပိုလီယိုဗိုင်းရပ်စ်အရိုင်းပိုးများကို ပွားများခွင့်မပေးတော့ဘဲ ကလေးများကို မစင်မှတစ်ဆင့် ကူးစက်မှု ရပ်တန့်စေပါသည်။

(၂) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် (၁)နှစ်အောက်ကလေးများအား အသက်(၁)လခွဲ၊ (၂)လခွဲနှင့် (၃)လခွဲတွင် တိုက်ကျွေးပြီး အနည်းဆုံးသုံးကြိမ် တိုက်ကျွေးပြီးပါက တစ်သက်တာလုံး ဒုက္ခိတဖြစ်စေမည့် ပိုလီယိုအကြောသေရောဂါ လုံးဝမဖြစ်အောင် ကာကွယ်နိုင်ပါသည်။

(၃) ပိုလီယိုကာကွယ်ဆေးသည် အစွမ်းထက်မြက်သောဆေးဖြစ်သည့်အပြင် တိုက်ကျွေးရန် လွယ်ကူပါသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပိုလီယိုအကြောသေရောဂါတိုက်ဖျက်ရေးနည်းဗျူဟာ (၄)ရပ်မှာ (၁)တစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ်တွင် ပိုလီယိုကာကွယ်ဆေး အနည်းဆုံးသုံးကြိမ်တိုက်ကျွေးခြင်း၊ (၂)အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ (၃) အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ (၄)လတ်တလောပျော့ခွေ အကြောသေရောဂါကို အထူးစောင့်ကြပ်ကြည့်ရှု၍ ပိုလီယိုအရိုင်းပိုးကူးစက်မှု ရှိ၊ မရှိ စစ်ဆေးခြင်းတို့ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ တစ်နှစ်အောက်ကလေးများအား ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်းအဖြစ် ပိုလီယိုကာကွယ်ဆေးကို (၁)လခြားလျက် အနည်းဆုံးသုံးကြိမ်တိုက်ကျွေးခြင်း၊ မွေးကင်းစမှ အသက် (၅)နှစ်အောက် ကလေးများအား အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ရောဂါကူးစက်နိုင်ခြေများသည့်နေရာများ၌ အိမ်တိုင်ရာရောက်သွားရောက်၍ တစ်အိမ်တက်ဆင်း ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပိုလီယိုရောဂါပိုးကူးစက်ပြန့်ပွားမှု ရှိ၊ မရှိ သိရှိနိုင်ရန်အတွက် အသက်(၁၅)နှစ်အောက် ကလေးတစ်သိန်းတွင် လတ်တလော ပျော့ခွေအကြောသေဖြစ်ပွားသူ လူနာအနည်းဆုံးနှစ်ယောက်ရှာဖွေဖော်ထုတ်ပြီး ၎င်းလူနာများမှ ဝမ်းနမူနာရယူ၍ ပိုလီယိုအကြောသေရောဂါ ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ပိုလီယိုကာကွယ်ဆေးတိုက်လုပ်ငန်း ဆောင်ရွက်စဉ်၌လည်း လတ်တလောပျော့ခွေအကြောသေ ဖြစ်ပွားနေသူများတွေ့ရှိပါက ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သတင်းပေးပို့ရန် လိုအပ်ပါသည်။

ပိုလီယိုအကြောသေရောဂါကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့မြေပေါ်မှ အပြီးအပိုင် ပျောက်ကွယ်သွားသည်အထိ ရည်မှန်းချက်ထားရှိပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သန်စွမ်းသော နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပသည့်အခါ ရောဂါဖြစ်ပွားသည့်နေရာနှင့် ဆက်စပ်နေသည့် မြို့နယ်များအပြင် တစ်ပြည်လုံးရှိ မြို့နယ်တိုင်းတွင် ပုံမှန်ကာကွယ်ဆေးတိုက်ခြင်းလုပ်ငန်းကို လွှမ်းခြုံမှုပြည့်မီစွာ ဆက်လက်ဆောင်ရွက်သွားရန် အရေးကြီးပါသည်။ ပိုလီယိုပပျောက်ရေးဦးတည်ချက်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပိုလီယိုအကြောသေရောဂါသည် မဖြစ်ခင် ကာကွယ်ဆေးတိုက်ကျွေးပြီး ကြိုတင်ကာကွယ်ထားသင့်သည့် ရောဂါဖြစ်ပါသည်။ ရောဂါကူးစက်ခံရသော ရင်သွေးငယ်များသည် ငယ်စဉ်ကတည်းက ဒုက္ခိတဘဝရောက်သွားနိုင်သည့် ရောဂါမျိုးဖြစ်ပါသည်။ ကလေးတိုင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခွင့် ရရှိစေရန် ဆောင်ရွက်ပေးသော နိုင်ငံတော်၏စေတနာကို တုံ့ပြန်သောအနေဖြင့် မိဘပြည်သူများက မိမိတို့ရင်သွေးငယ် တစ်ယောက်မကျန်ကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနိုင်ဖို့အတွက် ကာကွယ်ဆေးတိုက်စုရပ်များသို့ ခေါ်ဆောင်သွားခြင်းအားဖြင့် မိဘမေတ္တာကို အပြည့်အဝပြကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ ပန်းအလှပင်များ ပုံဖော်ခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

စီးပွားရေးတက္ကသိုလ် ဘောဂဗေဒ (၁၉၈၄) သူငယ်ချင်းများ ပထမအကြိမ် ပြန်လည်တွေ့ဆုံခြင်း အမှတ်တရ အထိမ်းအမှတ်အဖြစ် ရွှေမင်းသားဖောင်ဒေးရှင်းသို့ ငွေကျပ်နှစ်သိန်း လှူဒါန်းစဉ်။
(ကြေးမုံ)

စင်ကာပူသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးတင်ဦးလွင် ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မေ ၁၆

စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဧပြီ ၂၈ ရက်တွင် စင်ကာပူမြို့၌ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာစဲလာပန် ရာမနာသန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရွှေဖုံးမှ

စီးကျလာသည့်ရေများ လမ်းသားတိုက်စားမှု မရှိအောင် ကျောက်စီရေကာ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)မှ တာဝန်ယူ တည်ဆောက်မည့် ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗျူး)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ၊ စက်၊ ယာဉ်ယန္တရားများ ကြိုတင်စုဆောင်းထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယခုတည်ဆောက်မည့် ဒုဋ္ဌဝတီတံတား (ရဲရွာ-ကဗျူး)မှာ ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင် လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတား အရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✤ ကျောက်ပန်းတောင်းမြို့နယ်မှ

တည်ဆောက်ရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ တမံအူကြောင်း နေရာပြန်ရွေးချယ်ပြီး ဌာနပိုင် စက်ယန္တရားများ၊ ရွှေတောင်ကုမ္ပဏီလီမိတက်တို့မှ စက်ယန္တရားကြီးများဖြင့် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၆ ရက်အထိ တမံမြေဖို့ခြင်းလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ခဲ့ကြသည်။

မိမိတို့သတင်းအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဝင်းလိုက်ပါလျက် အိုင်လျှား(မြောက်) ရေလှောင်တမံကို သွားရောက် ကွင်းဆင်းလေ့လာခဲ့ပြီး ဒေသခံတောင်သူများနှင့်လည်း တွေ့ဆုံခဲ့သည်။ အိုင်လျှား(မြောက်)ရေလှောင်တမံနှင့်ပတ်သက်၍ အချက်အလက်များကို ဦးစီးအရာရှိ ဦးညွန့်ဝင်းက ရှင်းလင်းပြသရာတွင် ဝါးကြိုးရိုးချောင်းကို မြေသားတမံအလျားပေ ၇၅၀၊ အမြင့်ပေ ၄၀ဖြင့် ပိတ်ထားပြီး ရေလှောင်ပမာဏ ဂါလန် ၁၁၂ သိန်း ဖြစ်သည်။ ရေပိုလွှဲအရွယ်အစား အလျားပေ ၃၀နှင့် အမြင့် ၇ ပေဖြစ်ပြီး ဆောင်ရွက်ခဲ့သော မြေကြီးလုပ်ငန်းပေါင်း ကျင်း ၆၀၀၀ ဖြစ်သည်။ အိုင်လျှား(မြောက်) ရေလှောင်တမံမှ ဒေသခံကျေးရွာများဖြစ်သော ဝန်မင်းကန်ကျေးရွာ၊ အိုင်လျှား(မြောက်)ကျေးရွာ၊ အိုင်လျှား(တောင်)ကျေးရွာ၊ စမ်းမြိုင်အေးကျေးရွာ၊ လွန်ပင်ကုန်းကျေးရွာနှင့် လက်ပံကျင်းကျေးရွာများတွင် လူနှင့်တိရစ္ဆာန်သောက်သုံးရေအဖြစ် ဖူလုံစွာရရှိနေကြပြီဖြစ်သည်။ အိုင်လျှား(မြောက်) ရေလှောင်တမံမှ ရေများကိုကျေးရွာသူများ ရေအိုးကိုယ်စီဖြင့် ခပ်ယူနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

အိုင်လျှား(မြောက်)ရေလှောင်တမံမှ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိကြ၍ ဆောင်ရွက်ပေးခဲ့သော တာဝန်ရှိပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

မိုးစပါး၊ နွေစပါးများကို စိုက်ပျိုးနိုင်ရန် ကြက်မောက်တောင်ရေလှောင်တမံမှ ဆည်ရေကိုရရှိနေကြပြီဖြစ်သည်။ ထို့ပြင် ပဲမျိုးစုံနှင့် နှမ်း၊ မြေပဲများ ရရှိနေပြီး အိုင်လျှားကျေးရွာအုပ်စုတွင် မိုးစပါးဧက ၆၂၀၊ နွေစပါးဧက ၂၆၀စိုက်ပျိုးနေကြကြောင်း သိရှိရသည်။ ။

ရေလျှံတွင်းများမှ ရေပေးဝေ ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်

နေပြည်တော် မေ ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် နွေစပါး၊ မိုးစပါးနှင့် ယာသီးနှံများ မြေအောက်ရေဖြင့် ရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ၂၀၀၉-၂၀၁၀ စီမံကိန်းနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရေလျှံတွင်းများမှ ရေပေးဝေမှုများကို ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့်အတူ မေ ၇ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါဒေသတွင် မြေအောက်ရေရရှိရေး မဆောင်ရွက်မီက မိုးကောင်းသောက်လယ်မြေများတွင် မိုးစပါး ဧက ၅၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ ၃၅ တင်းမှ တင်း ၄၀ သာ ထွက်ရှိခဲ့သည်။ ယခုစီမံကိန်း အကောင်အထည်ဖော်ပြီးနောက် တူးဖော်ပြီး စက်ရေတွင်း ၈၉ တွင်းအနက် ရေလျှံတွင်း ၆၈ တွင်းမှ မြေအောက်ရေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုးစပါး ၁၇၅ ဧကမှ ပျမ်းမျှအထွက်နှုန်း တစ်ဧကတင်း ၈၀ နှုန်းအထိ တိုးတက်ထွက်ရှိလာခဲ့ပြီး ပဲမျိုးစုံနှင့် အခြားသီးနှံ ၃၇၆ ဧက၊ နွေစပါး ၁၁ ဧကကိုပါ သီးထပ်စိုက်ပျိုးလာနိုင်ခဲ့၍ ကျေးလက်ပြည်သူများ၏ ဝင်ငွေတိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း သိရသည်။

(ကြေးမုံ)

Yangon Expo 2011 ပြပွဲတွင် KHIND နှင့် Mistral ပစ္စည်းမျိုးစုံပြသ

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် Yangon Expo 2011 ကုန်စည်ပြပွဲတွင် အဆင့်မြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို ခင်းကျင်းပြသရောင်းချလျက် ရှိသည်။ **(အောက်ပုံ)**

ပြပွဲတွင် KHIND တံဆိပ်၊ Mistral တံဆိပ်၊ Honeywell တံဆိပ်နှင့် Khaitan တံဆိပ် အသားကင်စက်၊ ဓာတ်ဘူး၊ အဖျော်စက်၊ Air Cooler၊ မီးပူများ၊ ရေနွေးအိုး၊ ပန်ကာများ၊ မျှော်စင်ပန်ကာများ၊ စားပွဲတင်ပန်ကာ၊ ဂက်စ်မီးဖိုများ၊ သံလိုက်မီးဖို၊ ခြင်ဖမ်းစက်များ၊ ဖုန်စုပ်စက်များ ဈေးလျှော့ချပြီး Clearing Sale Items များကို အလုံးအရေအတွက် အကန့်အသတ်ဖြင့် ရောင်းချလျက်ရှိသည်။ ထပ်မံရောက်ရှိလာသော ပစ္စည်းများကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် အထူးချိုသာသော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

လက်လီလက်ကား ဝယ်ယူလိုပါက MACO Electronic(KHIND Digital World) Showroom အမှတ်(၂၀၄) မြေညီထပ် စက်ရုံလမ်း မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၀၅၁၃၀၊ ၀၁-၉၀၀၀၀၀၇၊ ၉၀၀၀၂၅၅၊ ၉၀၀၀၂၅၆နှင့် KHIND Electro World အမှတ်(၁၃၄) (၂၆)လမ်း (၈၃×၈၄)လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း ၀၂-၃၆၇၂၀ နှင့် ၀၉-၇၃၀၅၀၀၁၃ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာရပ်ရှင် အနုပညာရပ်ဝန်း

ဟောင်ကောင်မှာ ပရိသတ်မရှိဘူးလား ဂျက်စတင်ဘီဘာ

ကမ္ဘာ့ဂီတလောကတွင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်မှုများ ရရှိနေသူ ကနေဒီယန် အဆိုတော် ဂျက်စတင်ဘီဘာဆိုသည့် ပေါ့ဂီတသမားလေး သွားလေရာ ဂီတဖျော်ဖြေပွဲများတွင် ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ခံယူရစမြဲဖြစ်သည်။

သို့သော်လည်း လွန်ခဲ့သည့် သီတင်းပတ်က ဂီတဖျော်ဖြေပွဲအတွက် ဟောင်ကောင်လေဆိပ်သို့ရောက်ရှိလာသော ဆယ်ကျော်သက် မိန်းကလေးများ၏ အိပ်မက်မင်းသားလေး ဂျက်စတင်ဘီဘာကို သူ၏ပရိသတ်ခုနစ်ဦးကသာ လာရောက်ကြိုဆိုခဲ့ကြောင်း ဆန်ဒေးမောနင်းပို့စ်က ရေးသားဖော်ပြသည်။

ဘီဘာ၏ ယခင်ဂီတဖျော်ဖြေပွဲများတွင် ပရိသတ်များ ကြိတ်ကြိတ်တိုးစည်ကားခဲ့သော်လည်း သောကြာနေ့က ဟောင်ကောင်တွင် ပြုလုပ်သော ဂီတဖျော်ဖြေပွဲတွင် ပရိသတ် ၁၃၅၀၀ ဆံ့သော အားကစားကွင်း၌ ပရိသတ် နည်းပါးလွန်း၍ ကုန်တင်ကားပင် ဝင်ရပ်၍ရကြောင်း အဆိုပါသတင်းစာက ဆက်လက်ဖော်ပြသည်။

အသက်(၁၇)နှစ်သာ ရှိသေးသည့် ဂျက်စတင်ဘီဘာသည် ၂၀၀၈ ခုနှစ်ကတည်းက ဂီတလောကသို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၀၉ ခုနှစ်က သူ၏ My World အမည်ရှိတေးအယ်လ်ဘမ်သည် ကနေဒါနိုင်ငံတွင် အရောင်းရဆုံးစာရင်းဝင်ခဲ့သကဲ့သို့ နိုင်ငံအတော်များများတွင်လည်း အရောင်းရဆုံး စာရင်းဝင်ခဲ့သည်။ ယင်းနောက် ၂၀၁၀ ခုနှစ် မတ်လတွင် My World 2.0 ကို ဆက်လက်ထုတ်ဝေခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် My Worlds Acoustic နှင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် Never Say Never အယ်လ်ဘမ်များကို ဆက်လက်ထုတ်ဝေခဲ့သည်။ ဂျက်စတင်ဘီဘာသည် လွန်ခဲ့သည့်နှစ်များအတွင်း ဂီတလောကမှဆု အမျိုးမျိုးအတွက် အမည်စာရင်းတင်သွင်းခံခဲ့ရသကဲ့သို့ ၂၀၁၀ ခုနှစ်၏ တစ်နှစ်တာ အကောင်းဆုံး အမေရိကန်တေးဂီတဆုကိုလည်းရခဲ့သည်။ ထို့အပြင် (၅၃)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် အကောင်းဆုံး မျက်နှာသစ်ဂီတပညာရှင်ဆုနှင့် အကောင်းဆုံး ပေါ့တေးဂီတအယ်လ်ဘမ်ဆုများတွင်လည်း အမည်စာရင်းတင်သွင်းခံခဲ့ရသည်။ ***အင်တာနက်။***

အောဝမ်းစိုး



ဟောင်ကောင်၌ ပရိသတ် ခုနစ်ဦးသာ ကြိုဆိုခြင်းခံခဲ့ရသည့် ဂျက်စတင်ဘီဘာ။

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

စိတ်ကျခြင်း (DEPRESSION)

"ချော်လဲကျခြင်းသည် ရှက်ဖွယ်မဟုတ်၊ ပြန်၍ မမတ်နိုင်ခြင်းသာ ရှက်စရာဖြစ်သည်" ဟု ဆိုကြသည်။

စိတ်ကျခြင်းဆိုသည်မှာ တစ်ခါတစ်ရံမှဖြစ်ရလျှင် တော်ပေဦးမည်။ သို့သော် ဘဝဆိုသည်မှာ ဤသို့ အမြဲမဖြစ်တတ်။ ဆက်ဆံပေါင်းသင်းရသူတို့နှင့် ကွေကွင်းရခြင်း၊ ဖယ်ရှားခံရခြင်းစသည့် လောက၏ အထိအဆောင့်၊ အတိုးအဝှေ့များကြောင့် ကြည်သာနေသော စိတ်ဓာတ်သည် အုံ့မှိုင်း၍ ကျဆင်းရသောအခါများစွာ ကြုံရတတ်လေသည်။

လူတို့မှာ စိတ်အနေအမျိုးမျိုးရှိရာတွင် တစ်ခါတစ်ရံ ခေတ္တခဏ စိတ်ဓာတ်ကျရခြင်းသည် ပုံမှန်ပင်ဖြစ်သည်။

သို့သော် မိမိတွင် ဖြစ်ပေါ်ခံစားရသော စိတ်အခြေအနေသည် သင့်တင့်ရုံမျှဖြစ်သော စိတ်ကျရောဂါဖြစ်သည်ဟု စစ်ဆေးစမ်းသပ်သော ဆရာဝန်တို့ကိုယ်တိုင်က အကဲဖြတ်လျှင် ထိုစိတ်ကျမှုအား ပြန်၍မြင့်တက်လာစေသော နည်းလမ်းများကို ကျွမ်းကျင်သူများက နည်းပေးနည်းပြ ပြုလုပ်နိုင်သည်။ ထိုသို့မဟုတ်ဘဲ နာတာရှည်နှင့် ပြင်းထန်သော စိတ်ကျရောဂါမျိုးကို ခံစားနေရလျှင်သော်မှ အောက်ပါနည်းလမ်းများက သက်သာရာရကြောင်းကို ပေးနိုင်ပါမည်-

- *စိတ်ကျရောဂါအကြောင်း ပိုမိုသိရှိအောင် လေ့လာပြီး ပျောက်ကင်းချမ်းသာကြောင်း လက္ခဏာများကို ရှာကြည့်ပါ။ စာအုပ်ဖတ်ခြင်း၊ အသံသွင်းချက်နှင့် ဗီဒီယိုဖြင့် ပညာပေးချက်တို့ကိုလည်း နားဆင်၍ အားထားနိုင်သည်။ ဤကဲ့သို့ လေ့လာလျှင် ထိုစိတ်အနေမျိုးမှာ ကိုယ်တစ်ဦးတည်းသာ ခံစားရသည်မဟုတ်၊ ကိုယ့်စိတ်မှာဖြစ်ပေါ်သော လက္ခဏာများသည် လူတောသူတော၌ ဖြစ်လေ့ဖြစ်ထများသော အခြေအနေဖြစ်သည်ကို သဘောပေါက်လာလိမ့်မည်။*
- *စိတ်ကျရောဂါ၏ ဆန့်ကျင်ဘက်သည် ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။ စိတ်ကျစိတ်မှိုင်းနေခြင်းသည် မိမိ၏ခံစားချက်များကို ဖိနှိပ်ခြင်းနှင့် တိမ်မြုပ်စေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုယ့်စိတ်ခံစားမှုများကို အနုပညာ၊ တေးဂီတနှင့် အခြားသော ရသဖန်တီးမှု နည်းလမ်းများဖြင့် လိုက်စား၍ ဖော်ထုတ်သင့်သည်။*
- *နေအိမ်ပြင်ပသို့ နေ့စဉ် နာရီအနည်းငယ်မျှ ထွက်ဖြစ်ဖို့လိုသည်။ တစ်ယောက်တည်း တစ်နေရာတည်းတွင်နေရပါက စိတ်ကျဖွယ် အတွေးများ၊ လက္ခဏာများကို ဖြစ်ပေါ်စေတတ်သည်။ ထို့ကြောင့် စာကြည့်တိုက်၊ စာဖတ်ခန်းများသို့ သွားပါ။ ဈေးဝယ်ထွက်ပါ။ ရုပ်ရှင်ကား သွား၍ကြည့်ပါ။ စိတ်ကို နှိုးပေးမှုဖြစ်သော Stimulation သည် စိတ်ကျလက္ခဏာရှိသူများအတွက် အရေးကြီးသည်။ စိတ်ကို နှိုးဆွနိုးကြားစေခြင်းသည် ဦးနှောက်ထဲရှိ စိတ်ပျော်မှုအာရုံဆက်ကြောင်း (Neurotransmitter)များ၌ ဆီရိုတိုနင် (Serotonin) ခေါ် ဓာတ်ကို စီးဆင်းစေသည်။*
- *ရက်သတ္တပတ်လျှင် နှစ်ကြိမ်ခန့် မိတ်ဆွေများနှင့်ဆုံပါ။ လုပ်ငန်းအတွက် အစည်းအဝေးချိန်းခြင်း၊ နေ့လယ်စာဖြင့် အလုပ်သဘောညှိနှိုင်းရန် ရက်ချိန်းခြင်း သို့မဟုတ် တယ်လီဖုန်းဆက်ရန် စီစဉ်ခြင်းတို့ကို ပုံမှန်မပြုလုပ်ဘဲ အချင်းချင်းစကားပြောဖို့၊ ရယ်မောဖို့၊ စိတ်ပြေလက်ပျောက်ဖြစ်ဖို့ တွေ့ဆုံသင့်သည်။ ထိုအခါ ဦးနှောက်ထဲမှ စိတ်ပျော်ရွှင်မှုနှင့် နေသာထိုင်သာရှိမှု အာရုံဆက်ကြောင်းများကို နိုးကြားသွက်လက်အောင် နှိုးဆွပေးရာ ရောက်လိမ့်မည်။*
- *ပျော်ရွှင်ပေါ့ပါးခြင်းသည် ကူးစက်တတ်သောသဘောရှိသဖြင့် ရယ်မိပြုံးမိရန်အတွက် ရုပ်မြင်သံကြားထဲမှ ဇာတ်မြူးကို ထိုင်ကြည့်ပါ။ ဟာသရုပ်ရှင်ကားကို သွားကြည့်ပါ။ ပွဲခင်းထဲက လူပြက် ပြက်သည်ကို ရှုစားပါ။*
- *စိတ်ကူးချင်ရာ ဘာမဆို စိတ်ကူးပါ။ စိတ်မကူးအပ်သည်ဟူသော အကြောင်းမရှိ။ စိတ်ကူးပေါ်သမျှ လက်သင့်ခံခြင်းသည် ပြီးပြီးပျောက်ပျောက်ဖြစ်သွားဖို့အကြောင်း ဖြစ်နိုင်သည်။ ထို့အတူပင် စိတ်ကူးတို့မှာ အမျိုးမျိုးပေါ်နေမည်ဖြစ်သော်လည်း မိမိကသာ မပြောင်းမလဲကျန်ရှိနေမည်ကို သဘောပေါက်ဖို့ဖြစ်သည်။*
- *မိမိကိုယ်တိုင် သည်းခံစောင့်စားပါ။ တစ်ခါတစ်ရံ ကိုယ်ကရှေ့တစ်လှမ်းတက်မည်။ တစ်ခါတစ်ရံ နောက်သို့ နှစ်လမ်းဆုတ်ရသည့် အခါမျိုးလည်းရှိမည်သာ ဖြစ်သည်။ ပြေလည်ပြီးစီးမှုဆိုသည်မှာ တစ်ဖြောင့်တည်းတိုက်ရိုက်လာတတ်သည်မဟုတ်။ မနက်ဖြန်ဆိုသည်မှာ တစ်ဖန်ကြိုးစားခွင့်ရှိသည့် အခွင့်အလမ်းဟု မှတ်ယူထားဖို့ဖြစ်သည်။*
- *အလုပ်တစ်လှည့်၊ နားနေခြင်းတစ်လှည့်ဖြစ်စဉ်သည် ခန္ဓာကိုယ်၏ သဘာဝစည်းချက်ကို ညီညွတ်စေရန် အားဖြည့်ပေးသောကိစ္စဖြစ်သည်။ သာဓကအားဖြင့် နေ့စဉ်အချိန်မှန်မှန်အိပ်ရာဝင်ပြီး အချိန်မှန်မှန် အိပ်ရာမှ နိုးကြားပြီးထရန် ဖြစ်သည်။ ကိုယ့်အတွင်းစိတ်က ရှုပ်ထွေး၍ စည်းဝါးမညီဖြစ်နေလျှင် အချိန်ဇယားချ၍ လုပ်ကိုင်ခြင်းက စီစဉ်တကျ ဖြစ်စေဖို့ အကြောင်းဖြစ်သည်။ အအိပ်ပျက်လျှင် စိတ်ကျလက္ခဏာမျိုးဖြစ်သည့် အာရုံမစူးစိုက်နိုင်ခြင်း၊ မလှုပ်ချင်မကိုင်ချင်ဖြစ်ခြင်းနှင့် စိတ်ကျလက်စ အနေအထားကို ပိုမိုဆိုးရွားစေနိုင်သည်။ ထို့ကြောင့် အချိန်မည်မျှအိပ်မှ အိပ်ရေးဝပြီး စိတ်ကြည်လင်မည်ကို ကိုယ့်ဘာသာ စမ်းသပ်ချင့်ချိန်ကြည့်သင့်သည်။*
- *ရုတ်တရက်အမြင်၌ မယုံကြည်စရာကိစ္စမျိုးဖြစ်စေကာမူ အကောင်းမြင်ကြည့်ပါ။ ဤသို့စိတ်ထားနိုင်လျှင် စိတ်ကျေနပ်ဖွယ် အကြောင်းမျိုးကိုပင် ကြုံရနိုင်သည်။ အပြုသဘောရလဒ်ကို မျှော်ကိုးစိတ်ရှိပါလျှင် ထိုအကျိုးမျိုးရရှိစေရန် ကိုယ်တိုင်က ကြိုးစားမိဖို့များသည်။ ထိုအခါ အခြားသူတို့ကလည်း အကောင်းမြင်၍ လာကြလိမ့်မည်။ ကျွန်ုပ်တို့၏ စိတ်ကူးပုံ အကောင်းအဆိုးသည် စိတ်အနေကို တိုက်ရိုက်အကျိုးသက်ရောက်စေနိုင်သည်။*
- *ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ သတင်းများကို နားဆင်ကြည့်ရှုပါ။ သတင်းစာ၊ မဂ္ဂဇင်းတစ်စောင်တို့ကို မှန်မှန်ဖတ်ရှုပါ။ ခေတ်ကာလမျက်မှောက်ရေးရာများကို သိရှိနေခြင်းဖြင့် ကိုယ့်ပတ်ဝန်းကျင် ဘဝများနှင့် တစ်သားတည်း ဆက်စပ်သိရှိခံစားရလိမ့်မည်။ သတိထားရမည့် အချက်တစ်ချက်မှာ စိတ်မကြည်လင်စရာ သတင်းမျိုး၊ အဖြစ်အပျက်မျိုးကို အချိန်ယူ၍ ကြည့်ရှုခြင်း၊ ဖတ်ရှုခြင်းတို့ကို နာရီဝက်မျှထက်ပို၍ အချိန်မပေးသင့်။ မကောင်းသတင်းတို့ကို အကြာကြီး ထိုင်ကြည့်နေခြင်းအားဖြင့် အကျိုးမရှိနိုင်။*

(ဆက်လက်ဖော်ပြပါမည်။)

မောင်ဆုရှင်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၅

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သောအဖွဲ့သည် မေ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်သတင်းများ

မော်လမြိုင်မြို့ ဖက်တန်းရပ် အနောက်တပ်မြေလမ်း ရေမြောင်းတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များ ဖယ်ရှားရှင်းလင်းစဉ်။ (ကြေးမုံ)

ဆောက်လုပ်ဆဲ တန်ဆောင်းအတွက် ငွေလှူ

ရန်ကုန် မေ ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်တွင် ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူးဆောက်လုပ်ဆဲ ၉၉၀၀ အာရုံခံတန်ဆောင်းအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၇ ရက် နံနက်က အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်း အဖွဲ့ရုံးခန်း၌ ကျင်းပရာ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးသောင်း (ရုပ်ရှင်အသံဖမ်းအင်ဂျင်နီယာ၊ အေဝမ်းမြဇော်-ပြည်တော်အေး ရုပ်ရှင်)နှင့် ကျေးဇူးရှင် မိခင်ကြီး ဒေါ်သန်းခင်(ကြည့်မြင်တိုင်)တို့ ကွယ်လွန်သည့် နှစ်(၂၀)ပြည့်ကို ရည်စူးလျက် သမီးဖြစ်သူ ဒေါ်သန်းသန်းဝင်း (ကျောင်းအုပ်ဆရာမကြီး၊ အထက-၂၊ အင်းစိန်)နှင့် မောင်နှမတစ်စုက ကွန်ကရစ်တိုင် တစ်လုံးအတွက် ငွေကျပ် ၁၅၀၀၀၀နှင့် ဘိလပ်မြေဝယ်ယူရန် ငွေကျပ် ၂၀၀၀၀ ကို အဖွဲ့နာယက ဥက္ကဋ္ဌဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)နှင့် အမှုဆောင်များထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(၆၁)

ဝက်နားရွက်ပြာရောဂါအကြောင်း ဟောပြော

ရန်ကုန် မေ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစိန်စိန်ကြီးက ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ဟောပြောသည်။ **(အောက်ပုံ)**

ဟောပြောပွဲများအပြီးတွင် ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဝက်ခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ဝက်နားရွက်ပြာနှင့် ဇီဝလုံခြုံမှုစနစ် မြစ်ကြီးနားခရိုင်၌ ပညာပေးဟောပြော

နေပြည်တော် မေ ၁၅

ကချင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၁ နာရီတွင် ဝက်နားရွက်ပြာနှင့်ဇီဝလုံခြုံမှုစနစ် ပညာပေးဟောပြောပွဲကို ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာယိန်းညော်က ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် ရောဂါကူးစက်ခြင်းအကြောင်း သိကောင်းစရာများကို ဟောပြောသည်။ ယင်းနောက် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဓာတ်ခွဲခန်း သုတေသနအရာရှိ ဒေါက်တာခင်မမက ဇီဝလုံခြုံမှုစနစ်အကြောင်း ရှင်းလင်းဆွေးနွေးပြီး ပညာပေးဗီဒီယိုခွေပြသခြင်းနှင့် ဝက်နားရွက်ပြာရောဂါ လက်ကမ်းစာစောင်များကို ပေးဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ နေပြည်တော်မှ

သစ်သားဇလီဖားတုံးများ စုပုံထားရှိမှု၊ ဓမ္မပါလကျေးရွာအနီးရှိ ဆိုင်တဲချောင်းကို ဖြတ်သန်းပြီး အရှည် ၁၇၂ ပေရှိသည့် ဆိုင်တဲချောင်းတံတား တည်ဆောက်နေမှု၊ ရေဦးကျေးရွာအနီး ရေဦးဘူတာ တည်ဆောက်နေမှုနှင့် ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာအနီးရှိ ရန်အောင်ဘူတာသို့ ရောက်ရှိရာ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း အင်ဂျင်နီယာက ပျော်ဘွယ်-နတ်မောက် ရထားလမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နတ်မောက်မြို့အနီး ယင်းချောင်းကို ဖြတ်သန်းမည့် ယင်းချောင်းတံတား (နတ်မောက်) တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် မြေသားတာပေါင်များ ဆောင်ရွက်ပြီးစီးမှု၊ နတ်မောက်ဘူတာသစ် တည်ဆောက်မည့်မြေနေရာနှင့် ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ နေပြည်တော်-ဆင်သေ (တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ခြင်းဖြင့် နေပြည်တော်နှင့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်မှ တစ်ဆင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ ဆင်သေ-ရေဦး ရထားလမ်းပိုင်း ၁၉ ဒသမ ၃၀ မိုင်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ရိုးရာနည်းစနစ်အရ မြေဩဇာထုတ်လုပ်ခဲ့ကြသည်။

ရှေးဟောင်းမြေဩဇာထုတ်လုပ်နည်းမှာ အမှုန့်ပြုလုပ်ထားသော မီးသွေးကို မြေဆီလွှာနှင့် ရောစပ်ပြီး ခြောက်လက်မခန့်အနက်ရှိမြေအောက်၌ သိုလှောင်ကာ ထုတ်ယူအသုံးပြုခြင်းဖြစ်သည်။

နာဆာသိပ္ပံပညာရှင်အဖွဲ့သည် “ဇီဝမီးသွေး” (Biochar)ဟု အမည်ပေးထားသော မြေဩဇာကို ရှေးဟောင်းနည်းစနစ်နှင့်အညီ ထုတ်လုပ်ကာ လက်တွေ့စမ်းသပ်လျက်ရှိကြသည်။

နာဆာသိပ္ပံပညာရှင်များက ဇီဝမီးသွေး၏ အသုံးဝင်ပုံကိုသိရှိရန် လူနေဒေသတစ်ခုအတွင်း ပထမဆုံးအကြိမ် စမ်းသပ်လေ့လာခြင်းဖြစ်သည်။

အင်တာနက်။

ရှေးဟောင်းမြေဩဇာထုတ်လုပ်မှု နည်းစနစ်ကို နာဆာ သိပ္ပံပညာရှင်အဖွဲ့က လေ့လာလျက်ရှိစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ဘဝထဲမှာ ဓမ္မရှာ” တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၆၃)**
- ၈း၄၅ MRTV-4 နှစ်ပတ်လည် ဂုဏ်ပြုအစီအစဉ်
- ၉း၀၀ ထာဝရဂုဏ်ပုဇာမင်္ဂလာ
- ၉း၁၅ Activities In The City
- ၉း၂၅ လေထုညစ်ညမ်းမှုနှင့်ကျန်းမာရေး
- ၁၀း၀၀ စာအုပ်ပြခန်း
- ၁၀း၂၅ The Champion of Dance
- ၁၁း၀၀ Celebrity Choice
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁၂း၃၀ သူတို့ဓလေ့နှင့်သူတို့အစဉ်အလာ
- ၁း၀၀ “ဘဝထဲမှာ ဓမ္မရှာ” တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၅ Activities In The City
- ၃း၀၅ နေပြည်တော်သို့တစ်ခေါက် Mr.Waffle သို့အရောက်
- ၃း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅)**
- ၄း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၆၃)**
- ၄း၅၀ ဂီတနက်သန်ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၅ လမြိုတ်ကဆုန်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၆)**
- ၇း၃၅ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၆၄)**
- ၁၀း၁၅ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁၁း၁၀ International Show Biz
- ၁၁း၂၅ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဍာန်
- ၁၁း၅၀ ဈေးဝယ်လမ်းညွှန်
- ၁၂း၁၀ နွေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၂း၂၅ အများမြင်စရာနှစ်ပါးသဘင်မဟာ
- ၁း၀၅ အလင်းတန်းများဖြာလျက် တောက်ပနေသော စွဲမက်စရာ စိန်ရတနာ
- ၁း၃၀ လှပချစ်စရာလက်မှုအနုပညာ
- ၁း၅၀ အသက်ကယ်တဲ့ရှည်စေလို
- ၂း၀၅ Shooting Location
- ၂း၂၀ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၂း၃၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ သီးနှံစိုက်ပျိုးအထွက်တိုး
- ၄း၁၀ စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
- ၄း၂၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
- ၄း၃၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၄း၅၀ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့ဩသင့်ဖွယ်ရာ. . . စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယင်းမာပင် ပင်မဓာတ်အားခွဲရုံနှင့် ရေပေါင်းစုံ ပင်မဓာတ်အားခွဲရုံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၁၃ ရက် ညနေပိုင်းတွင် ၁၃၂ကေဗွီ ယင်းမာပင် ပင်မဓာတ်အားခွဲရုံ Control Building အဆောက်အအုံအတွင်း ဓာတ်အားလက်ခံပို့လွှတ်မှုနှင့် လိုင်းထိန်းသိမ်းမှု အခြေအနေတို့ကိုလည်းကောင်း၊ Switch Yard အတွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၁၃၂ကေဗွီ ရေပေါင်းစုံ ပင်မဓာတ်အားခွဲရုံအတွင်း ဓာတ်အားလိုင်း အဝင်/အထွက် အခြေအနေ၊ တပ်ဆင်ဝန်အား၊ ၁၃၂/၃၃/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် အသက်(၅)နှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ တရုတ်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ စစ်သံမှူး Senior Colonel Xiong Shaowei နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး ဟောပြောပွဲ လားရှိုးမြို့နယ်၌ ကျင်းပ

နေပြည်တော် မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်အတွင်းရှိ ဆုံကွယ်ကျေးရွာအုပ်စု ဆုံကွယ်ကျေးရွာ၌ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး ဟောပြောပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ ပညာ့အလင်း စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက် စံ(၅)ချက်နှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မတည်ငွေဖြင့် တည်ဆောက်မည့် စာကြည့်တိုက်အတွက် ကျေးရွာပိုင်မြေနေရာ သတ်မှတ်ရရှိရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့် ဟိုပိတ်ကျေးရွာအုပ်စု ကုန်းညိုကျေးရွာသို့ ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကံသာအေးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ရာ ကျောက်ဆည် ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ စဥ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် ရပ်မိရပ်ဖများ တက်ရောက်ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ရခိုင်ပြည်နယ်၌ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်

နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ လူမှုဖူလုံရေးအဖွဲ့ရုံး၌ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ရုံး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ ပြည်နယ်တာဝန်ခံများနှင့် ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားပြီး အလုပ်ရုံနှင့် အလုပ်သမား စိစစ်ရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ယာဉ်မောင်းသင် စစ်ဆေးရေးကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၄ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များ(၂၀၁၁)လုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အသက်(၅) နှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာန မောလိတ်အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းနှင့် မင်းဂံဒေသန္တရ ဆေးပေးခန်းများရှိ ကာကွယ်ဆေးတိုက်စုရပ်များ၌ အသက်(၅)နှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် ဝန်ကြီးများနှင့် ဇနီးများက ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင်အတွက် အလှူငွေများပေးအပ်၍ ရိပ်သာရှိ ဘိုးဘွားများအား လှူဒါန်းငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

တောင်ငူ မေ ၁၅

တောင်ငူမြို့ မြို့မိမြို့ဖစာချစ်သူများနှင့် ကာတွန်းဆရာများပူးပေါင်း၍ မေ ၅ ရက်မှ မေ ၉ ရက်ထိ ၅ ရက် တိုင်တိုင် ကျင်းပခဲ့သည့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေ ဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်နောက်ဆုံးနေ့ အစီအစဉ်အရ မေ ၉ ရက် ညက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဝင်းရုပ်ရှင်ရုံ၌ ကျင်းပရာ စာချစ်သူ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်က အမှာစကားပြောကြားပြီး စာရေးဆရာ နေဝင်းမြင့်က **"ကျွန်တော်တို့ငယ်ငယ်က"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ခင်ခင်ထူးက **"အညာမလေ့ ရွာမလေ့"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညိုက **"သို့တောင်ငူမှ ချစ်ဦးညို"** ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြပြီး စာရေးဆရာများအား ဂုဏ်ပြုဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်၊ မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)နှင့် မြို့မိမြို့ဖ ဒေါ်သန်းသန်းနုတို့က ပေးအပ်ချီးမြှင့်ကြပြီး စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကြီးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြသည်။ (၁၂၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၁၁ (တနင်္လာနေ့)

[၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။	ဓမ္မပူဇာတေးအစီအစဉ်
၈း၁၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅	၉။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၁၀။	အဆိုပြိုင်ပွဲ
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	တေးဂီတအစီအစဉ်
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	AFC President's Cup (2011)ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် [Yeedzin FC (BHU) အသင်းနှင့် FC Istiklol (TJK)အသင်း)
၅း၀၀	၂။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅း၁၅	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၄။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၃၅	၅။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ)(အပိုင်း-၃၁)**
၈း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	"ကမ္ဘာကျော်သရုပ်ဆောင်များ"
	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာ အိပ်မက်ကမ္ဘာ" (အပိုင်း-၂၈)**
	၁၅။	အစီအစဉ်ပြီး၏။

EXPO ကုန်စည်ပြပွဲတွင် ēKo Office Solution ပါဝင်ပြသ

ရန်ကုန် မေ ၁၅

Smart Business Group မှ ကြီးမှူး၍ ELECTRONIC & LIVING PRODUCTS EXPO ကုန်စည်ပြပွဲကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိရာ ēKo Office Solution ပြခန်းတွင် Versa Link၊ EURO၊ Benel၊ Comfort အမှတ်တံဆိပ်၊ ရုံးသုံး၊ လုပ်ငန်းသုံးပရိဘောဂများ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ဘဏ်လုပ်ငန်းသုံး ပရိဘောဂများ၊ ဧည့်ခန်းများ၊ ဥယျာဉ်သုံးပရိဘောဂများ၊ စားပွဲအမျိုးမျိုးနှင့် ကုလားထိုင်အမျိုးမျိုးတို့ကို ခင်းကျင်းပြသထားသည်။**(အပေါ်ပုံ)**

အရောင်းပြခန်းများမှာ A(2) မင်းဓမ္မလမ်း ရွှေကမ္ဘာအိမ်ရာ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၂၃၉၁၊ ၀၉-၇၃၁၀၈၈၉၆၊ ၀၉-၉၀၃၁၂၇၇နှင့် အမှတ်(၂၂) (၉)မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၇၆၉နှင့် ၆၅၆၁၆၂ တို့ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ မင်းဘူးမြို့၊ ပေါက်မြို့နှင့် မြင်းခြံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သပိတ်ကျင်းမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် သုည ဒသမ ၈၁ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၄၅ လက်မ၊ မှော်ဘီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၀၃ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပအားကစားသတင်းများ   ပြည်တွင်း၊ ပြည်ပအားကစားသတင်းများ

တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန်   မေ   ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့တံခွန်စိုက် ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

အမျိုးသားသက်ငယ်တန်း ၄၆ ကီလိုတန်းပြိုင်ပွဲတွင် ရဲမင်းဦး(ဧရာဝတီတိုင်းဒေသကြီး)က ဘော်ဇာ (စစ်ကိုင်းတိုင်းဒေသကြီး)ကို (၄-၁)အမှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲတွင် မေချစ်ဦး(ပဲခူးတိုင်းဒေသကြီး)က သီတာဝင်း (စစ်ကိုင်းတိုင်းဒေသကြီး)အား(၄-၁) အမှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသား ၅၆ ကီလိုတန်းပြိုင်ပွဲတွင် နိုင်လင်းအောင်(စစ်ကိုင်းတိုင်းဒေသကြီး)က သက်ထွန်းအောင် (ဧရာဝတီတိုင်းဒေသကြီး)ကို (၄-၁)အမှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် ဦးမင်းဟန်က အမျိုးသားသက်ငယ်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ရဲမင်းဦး(ဧရာဝတီတိုင်းဒေသကြီး)အား လည်းကောင်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ စုလှိုင်နှင်း(မန္တလေးတိုင်းဒေသကြီး)အား လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ နိုင်လင်းအောင်(စစ်ကိုင်းတိုင်းဒေသကြီး) အား လည်းကောင်း အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အမျိုးသား သက်ငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်က အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား လည်းကောင်း ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသား သက်ငယ်တန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲများ၏ ၂၀၁၁ ခုနှစ် (၄၂) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့တံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိသွားသော မန္တလေးတိုင်းဒေသကြီး လက်ဝှေ့အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ကြော်ငြာဆိုင်းဘုတ်ကြီးများ ဆိုလာမီးအလင်းရောင် တပ်ဆင်အသုံးပြု

ရန်ကုန်   မေ   ၁၅

လျှပ်စစ်စွမ်းအင် ရရှိရေးအတွက် ဆိုလာစွမ်းအင် အစားထိုးအသုံးပြုခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ လက်ရှိအခြေအနေတွင် ကြော်ငြာဆိုင်းဘုတ်ကြီးအချို့၌ ညအလင်းရောင် ရရှိရေးအတွက် ဆိုလာစွမ်းအင်ကို အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်မြို့ရှိ ကြော်ငြာဆိုင်းဘုတ်များအနက် ကမ္ဘာ့အေးစေတီလမ်း MDG Co.,Ltd,Royal Myanmar Teamix ကြော်ငြာဆိုင်းဘုတ်တို့တွင် ဆိုလာတပ်ဆင်အသုံးပြုထားသည်ကို တွေ့ရှိရသည်။

တပ်ဆင်ထားသည့် ဆိုလာအမျိုးအစားမှာ OK Myanmar Co.,Ltd မှ Sanyo Solar ဖြစ်ပြီး မီးလုံးများမှာလည်း အရည်အသွေးမြင့် LED မီးလုံးများ တပ်ဆင်ထားကြောင်း၊ အလင်းရောင်ရရှိမှုအပေါ် မူတည်၍ အလိုအလျောက် ဖွင့်ပိတ်နိုင်သည့် အချိန်ညှိစနစ် (Timer) တပ်ဆင်ထားသဖြင့် လိုအပ်သည့် အလင်းရောင်ကို ထိရောက်စွာ အသုံးပြုနိုင်ကြောင်း၊ OK Myanmar Co.,Ltd က Sanyo Solar Panel များအား အနှစ် ၂၀ အာမခံပေးထားပြီး တပ်ဆင်ထားသည့် အဆင့်မြင့် LED မီးလုံးများအား အာမခံသက်တမ်း နာရီပေါင်း ၃၀၀၀၀ ပေးထားကြောင်း၊ ယခုကဲ့သို့ ကြော်ငြာဆိုင်းဘုတ်ကြီးများတွင် ဆိုလာစွမ်းအင် အသုံးပြုခြင်းအားဖြင့် ရေရှည်တွင် ကုန်ကျစရိတ်သက်သာပြီး လျှပ်စစ်စွမ်းအင် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အသေးစိတ်သိရှိလိုပါက OK Myanmar Co.,Ltd အမှတ်(၉-ဂျီ) MGW Tower ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၆၅၀၁မှ ၀၆-၃၉၂၉၈၆၊ ၃၉၂၉၈၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာအေးစေတီလမ်း မြေပဒေသာမီးပွိုင့် ကြော်ငြာဆိုင်းဘုတ်တွင် SANYO ဆိုလာစနစ် တပ်ဆင်အသုံးပြုထားပုံ။

တစ်နိုင်ငံတည်းသား အာရှာဗင်ကို ခေါ်ယူရန် အေဗရာမိုဗစ်ချ် စိတ်ဝင်စားနေ

လန်ဒန်   မေ   ၁၅

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် အာဆင်နယ်အသင်းမှ တစ်နိုင်ငံတည်းသား အာရှာဗင်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

အာရှာဗင်သည် လာမည့်နွေရာသီတွင် အာစင်ဝင်းဂါးရောင်းထုတ်မည့် ကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသူဖြစ်သည်။ အေဗရာမိုဗစ်ချ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ ဖြစ်ခဲ့ရသည့် မိမိ၏အသင်းကို ပြန်လည်တည့်မတ်ပြီး အောင်မြင်မှုများရယူနိုင်ရေးအတွက် ပေါင်သန်း ၈၀ ထပ်မံအသုံးပြုရန် လျာထားလျက်ရှိနေသည်။ အာရှာဗင်ကို အားပေးနေသည့် ပရိသတ်တစ်ဦးဖြစ်သည့် အေဗရာမိုဗစ်ချ်သည် ပေါင် ၁၅ သန်းအသုံးပြု၍ အဆိုပါကစားသမားကို ခေါ်ယူသွားဖွယ်ရှိနေသည်ဟု သတင်းများတွင် ဖော်ပြထားကြသည်။ ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားများအားလုံးကို လက်လွှတ်လိုက်ရပြီဖြစ်ပြီး ပရီမီယာလိဂ်တွင်လည်း ဒုတိယနေရာဖြင့်သာ ကျေနပ်ရတော့မည်ဖြစ်သည်။ ***အင်တာနက်။***



အေဗရာမိုဗစ်ချ် ခေါ်ယူလိုသည့် အာရှာဗင်။

အင်္ဂလန်က ဖီဖာကို ဖြေရှင်းချက်ပေးရန် တောင်းဆို

လန်ဒန်   မေ   ၁၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) အနေဖြင့် ပြီးခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်ပွဲတွင် မသမာမှုများနှင့် အခြားသောပြဿနာများကို ဖြေရှင်းချက်ပေးရန် အင်္ဂလန်က တောင်းဆိုလိုက်သည်။ ဖီဖာအနေဖြင့် အဆိုပါ မိမိတို့၏ တောင်းဆိုချက်များကို မဖြေရှင်းနိုင်ပါက အင်္ဂလန်အသင်းအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ နုတ်ထွက်ရမည်ဖြစ်ကြောင်း အားကစားဝန်ကြီး ရောဘတ်ဆန်က ထုတ်ဖော်ပြောကြားလာသည်။

၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင် ရွေးချယ်ပွဲတွင် ဖီဖာအမှုဆောင်အတော်များများသည် တံစိုးလက်ဆောင် သို့မဟုတ် ရပိုင်ခွင့်တောင်းဆိုမှုအချို့ကို ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ ယင်းအိမ်ရှင်ရွေးချယ်ပွဲတွင် လုံးဝမမျှော်လင့်ထားသည့် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသွားခဲ့သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက မကြာမီဖြေရှင်းချက် ပေးမည်ဟုဆိုသည်။ ***အင်တာနက်။***

ဒေးဗစ်ဘက်ခမ်း သားငယ်ခရစ်နှင့်အတူ ဘောလုံးလေ့ကျင့်

လော့စ်အိန်ဂျလိစ်   မေ   ၁၅

အမေရိကန် မေဂျာလိဂ်ကလပ် LA ဂလက်ဆီအသင်းမှ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ထင်ပေါ်ကျော်ကြားသူအများစုမှာ ကိန်းရုပ်ရှင်ပွဲတော်သို့ သွားရောက်နေချိန်တွင် ၎င်းကမူ လော့စ်အိန်ဂျလိစ်တွင်သာ ရှိနေပြီး အသက်(၆)နှစ်အရွယ် အငယ်ဆုံးသားလေး ခရစ်နှင့်အတူ ဘောလုံးလေ့ကျင့်ခန်းဆင်းလျက် ရှိနေသည်ဟု ဆိုသည်။

အဆိုပါလေ့ကျင့်ရေးအစီအစဉ်တွင် ခရစ်သည် ကျောနံပါတ် (၃၂)ရိုက်နှိပ်ထားသည့် အေစီမီလန်အင်္ကျီကို ဝတ်ဆင်ကာ ကစားခဲ့ခြင်းဖြစ်သည်။ သားကြီးများဖြစ်သည့် ဘရွတ်ကလင်းနှင့် ရိုမီယိုတို့မှာမူ ကိုယ်ဝန်ဆောင်မိခင်နှင့်အတူ နေထိုင်၍ အချိန်ကုန်ခဲ့သည်ဟုသိရသည်။ ***အင်တာနက်။***

လေ့ကျင့်ခန်းဆင်းအပြီး ဒေးဗစ်ဘက်ခမ်းနှင့် သားငယ် ခရစ်။

ဟန်သစ်

ပရီမီယာလိဂ် ပွဲစဉ်(၃၇) ရလဒ်များ

ချယ်လ်ဆီး	၂ - ၂	နယူးကာဆယ်
အာဆင်နယ်	၁ - ၂	ဗီလာ
ဘာမင်ဂမ်	၀ - ၂	ဖူလ်ဟမ်
လီဗာပူး	၀ - ၂	စပါး
ဝီဂန်	၃ - ၂	ဝက်စ်ဟမ်း

အင်တာနက်။

လက်ရှိချန်ပီယံရတနာပုံနှင့် အစ်တီလိုလ်တို့ နှစ်ပွဲဆက်အနိုင်ရပြီး နောက်တစ်ဆင့်တက်

ရန်ကုန်   မေ   ၁၅

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၁ AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲတွင် အစ်တီလိုလ်(တာဂျစ်ကစ္စတန်) က ယက်ဒ်ဇင်(ဘူလ်တန်)ကို ရှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံက မူကာဘာ(ပါလက်စတိုင်း)ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

(ပထမပွဲ)
အစ်တီလိုလ်(တာဂျစ်ကစ္စတန်)-ရှစ်ဂိုး
ယက်ဒ်ဇင်(ဘူလ်တန်)-ဂိုးမရှိ

အုပ်စုအဖွင့်ပွဲစဉ်တွင် ပြိုင်ဘက်ပါလက်စတိုင်းကလပ် မူကာဘာအသင်းကို အနိုင်ရရှိထားသည့် အစ်တီလိုလ်အသင်းမှာ ယခုပွဲတွင် ယက်ဒ်ဇင်အသင်းကို သက်သောင့်သက်သာ ကစားပြီး ဂိုးပြတ်အနိုင်ရရှိသွားသည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် အစ်တီလိုလ်အသင်းမှာ နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့် တက်သွားပြီ ဖြစ်သည်။

(ဒုတိယပွဲ)
ရတနာပုံFC(မြန်မာ)-လေးဂိုး
မူကာဘာ(ပါလက်စတိုင်း)-သုံးဂိုး

လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ ဒုတိယအဆင့်အုပ်စုသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ မိနစ် ၄၀ အတွင်း သုံးဂိုးပေးခဲ့ရသော်လည်း ရတနာပုံအသင်းမှာ အံ့သြဖွယ်ခြေစွမ်းနှင့်အတူ လေးဂိုးပြန်သွင်းကာ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ရတနာပုံအသင်းမှာ တာဂျစ်ကစ္စတန်ကလပ် အစ်တီလိုလ်အသင်းနှင့်အတူ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ပြီး နောက်ဆုံးပွဲတွင် အုပ်စုပထမနေရာအတွက်သာ ကစားရတော့မည် ဖြစ်သည်။

၁၇-၅-၂၀၁၁ (ညနေ ၃ နာရီခွဲ)
(သုဝဏ္ဏကွင်း)
ရတနာပုံ-အစ်တီလိုလ်
(အောင်ဆန်းကွင်း)
မူကာဘာ-ယက်ဒ်ဇင်

ရတနာပုံအသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သူ ပိုင်စိုး၏ ထိုးဖောက်တိုက်စစ်ဆင်ဟန်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

တာမွေမြို့နယ်အတွင်း ဖောက်ထွင်းခိုးယူမှုများ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန်   မေ   ၁၅

ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ဌာနစုမှူး ရဲအုပ်မျိုးအောင်မြင့်အဖွဲ့နှင့် တာမွေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်နေဝင်းနှင့်အဖွဲ့သည် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ ဒလမြို့နယ်နေ ဇော်ထက်(ခ)အောင်သူရ(ခ) အကြီးကောင်အား စစ်ဆေးစုံစမ်းခဲ့ရာက တာမွေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားသည့် ဖောက်ထွင်းခိုးယူမှုများကို ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး ရွှေ၊ ငွေ၊ ကြေး၊ စတီး၊ ကျောက်ပစ္စည်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၆၅ မျိုးတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။ (၃၁)

သာစည်လိုင်းကားဘီးပေါက် တိမ်းမှောက်

မိတ္ထီလာ   မေ   ၁၅

မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု ဉယျာဉ်ရွာအနီးတွင် မေ ၃ ရက်က ယာဉ်မောင်း ဇော်ဝင်း (၃၆)နှစ် မောင်းနှင်လာသော မိတ္ထီလာမှ သာစည်ခရီးသည်တင်ဟိုင်းလတ်ကား (၈က/၄၇၃၉) သည် မိုင်တိုင်အမှတ် (၄/၆) အနီးအရောက် ယာဘက်နောက်ဘီးပေါက်၍ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့သည်။

သာစည်လိုင်းကားတိမ်းမှောက်သဖြင့် ကားပေါ်ပါခရီးသည် ၁၉ ဦး ဒဏ်ရာများရရှိသွား၍ ဒဏ်ရာရသူများအား မိတ္ထီလာဆေးရုံသို့ တင်ပို့ကုသပေးပြီး မိတ္ထီလာအမှတ်(၂)ရဲစခန်းက ယာဉ်မောင်း ဇော်ဝင်းအား (ပ)၁၃၄/၂၀၁၁၊ ပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

သဘာဝပတ်ဝန်းကျင်နည်းပညာသတင်း

ရှေးဟောင်းမြေဩဇာ ထုတ်လုပ်မှုနည်းစနစ် နာဆာသိပ္ပံပညာရှင်များ စမ်းသပ်လေ့လာ

ဘာသာပြန် ရေမောင်

ဝါရှင်တန် မေ ၁၅

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာသစ်များကို ဖော်ထုတ်နိုင်ရန်ကြိုးပမ်းလျက်ရှိသော အမေရိကန် အာကာသအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် မြေဩဇာထုတ်လုပ်ခြင်းဆိုင်ရာ ရှေးဟောင်းနည်းစနစ်တစ်ရပ်ကို လက်တွေ့စမ်းသပ်လျက်ရှိကြောင်း မေ ၁၄ ရက် သတင်းတွင်ဖော်ပြသည်။ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိသော စိုက်ပျိုးရေးနည်းပညာသစ်များကို ဖော်ထုတ်ရန် လိုအပ်သည်။

မြေယာအလှပြင်ဆင်သည့်လုပ်ငန်းနှင့် ရှုမျှော်ခင်းများဖန်တီးသည့် လုပ်ငန်းတို့အတွက် ပန်းပင်များနှင့် ချုံပင်များစိုက်ပျိုးရာ၌ အသုံးပြုမည့် မြေဩဇာကို ရှေးဟောင်းနည်းစနစ်ဖြင့် ထုတ်လုပ်ရန် နာဆာအဖွဲ့မှ သုတေသီ ဒေါနစ်ဟမ်လီ ဦးဆောင်သောအဖွဲ့က လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

အမေဇုန်သစ်တောဒေသ၏ အင်ဒီးယန်းမျိုးနွယ်များ၊ အာဖရိကတိုင်းရင်းသားမျိုးနွယ်များနှင့် တရုတ်လယ်သမားများသည် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာက စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ထူးခြားသည့် နေ့အပူချိန်များ

၁၅ - ၅ - ၂၀၁၁

ချောက်	၄၅	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်
မကွေး	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၀	ဒီဂရီစင်တီဂရိတ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအနီးရှိ နဝင်းချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းစီမံကိန်းနှင့် ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအနီးရှိ နဝင်းချောင်းတံတား တည်ဆောက်သည့်မြေနေရာသို့ ရောက်ရှိပြီး တံတားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗျိုင်းအင်းကျေးရွာအနီးရှိ ဗျိုင်းအင်းဘူတာ၌ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆင်သေ-ရေညီး ရထားလမ်းပိုင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးနှင့် စီမံကိန်းဒါရိုက်တာ ဦးတင်စိုးတို့က ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗျိုင်းအင်းဘူတာအနီး၌ သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဗျိုင်းအင်းဘူတာ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ် ပေတောကုန်းကျေးရွာအနီး ပေတောကုန်းဘူတာ တည်ဆောက်နေမှု၊ ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းခင်းကျောက်များစုပုံထားရှိမှု၊ ကွန်ကရစ် ဇလီဖားတုံးများ စုပုံထားရှိမှုနှင့် စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖